# ရွှေစတာချင်းပေါ်

## ဟာသရသပုံဝတ္ထုများ

၄

တင်အောင်ထွန်း | သုတေသန |



| တင်အောင်ထွန်း | ဟာသရသပုံဝတ္ထုများ (၆)

# ရွှေကျောင်းပျော်

# ဟာသရသပုံဝတ္ထုများ

[ ၄ ]

တင်အောင်ထွန်း

[ သုတေသန ]



ရွှေကျောင်းပျော်စာစဉ်

ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး။


ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ (၄)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၈၁၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၂၈၀၅၀၉

ပထမအကြိမ်ပုံနှိပ်ခြင်း

၂၀၀၅-ခုနှစ်၊ စောင်ရေ ၁၀၀၀

တန်ဖိုး - ၃၀၀-ကျပ်

ထုတ်ဝေသူ

ဒေါ်ငွေငွေဝင်း(၀၄၁၁၅)

၈၅၊အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ရန်ကုန်မြို့။

အဖုံးအတွင်း ပုံနှိပ်သူ

ဦးဆန်းထူးစိုး (၀၄၆၉၈)

ဆန်းသဇင်ပုံနှိပ်တိုက်၊ ၁၉၈၊ ၃၉-လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။

ဖြန့်ချိရေး

ရွှေကျောင်းပျော်စာပေ

၈၅၊အနော်မာအရှေ့ ၁ လမ်း၊ သာကေတ၊ရန်ကုန်မြို့။

ကြ္ဍာသယ စာအုပ်ဆိုင်နှင့် သစ္စာမဏ္ဍိုင်စာအုပ်ဆိုင်

ရွှေတိဂုံဘုရားတောင်ဖက်မုခ်ဈေးတော်ရှိ

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၃၅၁၁(၁၇၆)(၁၆၄)(၁၈၅)

# ရွှေကျောင်းပျော် ဟာသရသပုံဝတ္ထုများ(၄)

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ အိပ်မက်ကြမ္မာ | ၁ |
| ၂။ ကျောင်းနှင့်အိမ် | ၈ |
| ၃။ သမက်နှို့ ယောက္ခမမစို့ | ၁၂ |
| ၄။ တစ်ဖြတ်တည်းတုံး | ၁၇ |
| ၅။ ဘုန်းကြီးအချစ်တော် | ၂၁ |
| ၆။ ဝါတွဲဗျာ ဝါတွဲ | ၂၆ |
| ၇။ လိပ်ထက်မြန်ရမှာ ကြောက်သူ | ၃၃ |
| ၈။ ဒူလာဝမ်းရှုက် | ၃၆ |
| ၉။ ကိုမျက်ခမ်နှင့် ကိုဝဲကျော် | ၄၃ |
| ၁၀။ သျှောင်တစ်ထုံး အဆုံးခံသက်သေ | ၄၈ |
| ၁၁။ အသားညို နဂိုမည်းမို့ | ၅၄ |
| ၁၂။ မိန်းမရှိသေနည်းတစ်ခု | ၅၇ |
| ၁၃။ ငါဆိုတာ မင်းအဖေကွ | ၆၀ |
| ၁၄။ ကဒတ်ကုန်းရွာသူ | ၆၄ |
| ၁၅။ အဿလောမဂါမ | ၇၁ |

၁၆။ ဟန်ကိုယ်ဖို့ ဖိုးစော ၇၅

၁၇။ ပဉ္စင်းလူထွက် ကြက်သတ်ခိုင်းသလို ၇၉

၁၈။ မိန်းမရတဲ့နေ့ ကင်းကျ ၈၇

၁၈။ ဒုလ္လဘဦးပဉ္စင်းသုံးပါး ၉၂

၁၉။ အမှားမထင်တဲ့ အကြားအမြင် ၉၄

၂၀။ နာမည်ကြီးရွာမှ အကွခရာတိုးချင်သူများ ၁၀၀


* * * * *





# အိပ်မက်ကြမ္မာ

အိပ်မက်သည် အမျိုးမျိုးရှိ၏။

ဖြစ်ပျက်ဆဲ အကြောင်းကိစ္စအပေါ် စွဲလမ်းသဖြင့် အိပ်မက်မက်တတ်၏။ အစာမကြေ သွေးလေချောက်ချား သဖြင့်လည်း အိပ်မက်မက်တတ်၏။ အနာဂတ်တွင် ဖြစ်ပျက်မည့် အကြောင်းအရာ၏ အတိတ်နိမိတ် အနေနှင့်လည်း အိပ်မက် မက်တတ်၏။

လူတိုင်းသည် အကြောင်းတစ်မျိုးမျိုးဖြင့် အိပ်မက်မက်ဖူးကြရာ အိပ်မက်မမက်ဖူးသူဟူ၍ မရှိနိုင်တန်ဟုပင် ဆို၍ ရနိုင်မည်ထင်ပါသည်။ ကျမ်းဂန်များထဲတွင်လည်း ပုဗ္ဗနိမိတ် အိပ်မက်အကြောင်းများ ပါရှိ၏။ လောကီကျမ်းများမှ ထုတ်နုတ်ထားအပ်သော အိပ်မက်တိတ္ထုံ ကျမ်းငယ်ဆိုလျှင် ယနေ့ထိ မရေမတွက်နိုင်အောင် ရိုက်နှိပ်ရောင်းချနေရပေသည်။

အိပ်မက်အတိတ်ကောက်ဖြင့် ထီပေါက်သွားသူများ၊ ကြီးပွားချမ်းသာသွားသူများမှာ မိမိတို့၏ အနီးပတ်ဝန်းကျင်မှာပင် တစ်ဦးမဟုတ် တစ်ဦးရှိနေတတ်၏။ အိပ်မက်မမှန်ကန်လျှင်

သွေးလေချောက်ချား၍ မက်သည်ဟု လည်းကောင်း၊ အတိတ်အကောက်အယူလွဲသည်ဟု လည်းကောင်း သက်သာရာတွေး၍ မေ့ပျောက်လွယ်သော်လည်း အိပ်မက်အတိတ်မှန်ကန်လျှင်ကား သတင်းစကား ပြန့်ကျယ်လွယ်၍ မေ့ပျောက်ခဲခြင်းက အိပ်မက်ကို လူတို့ ယုံကြည်လွယ်စေလျက် ရှိလေသည်။

အညာကျေးလက် ရွာတစ်ရွာတွင် ရွာဦးကျောင်းဘုန်းတော်ကြီးမှာ ခရီးယာယီကြွလျက်ရှိသည်။ ကျောင်းတွင်ကိုရင်သုံးပါးနှင့် ဘုန်းကြီးကျောင်းသားအချို့ ကျန်ရစ်သည်။ ဘုန်းတော်ကြီး ခရီးထွက်လျှင် ကျောင်းရှိ ကိုရင်ကျောင်းသားများမှာ လွတ်လပ်ရေး ရကြပြီး ကျောင်းခေါင်းရင်းက မာလကာပင် တက်ခူးသူခူး၊ ရေကန်ထဲဆင်း ကူးသူကူး စသဖြင့် ကျောင်းသားတစ်ဦးက စိတ်အကြံဖော်ထုတ်လိုက်ရုံနှင့် သိပ်ညှိနေစရာမလိုဘဲ လုပ်ဖြစ်တတ်လေသည်။

ကိုရင်ကျောင်းသား ညီညွတ်နေလျှင် တော်ရုံတန်ရုံကိစ္စမှာ ဘုန်းတော်ကြီးနားသို့ ရောက်တတ်သည် မဟုတ်ပေ။

ကျောင်းမှာ ဘုန်းတော်ကြီးမရှိတုန်း ကျောင်းသားများအဖို့ ဂရုစိုက်ရမှုတစ်ခုသာ ရှိ၏။ ယင်းမှာ ဆွမ်းခံဝတ် မပျက်ဝံ့ကြခြင်းဖြစ်သည်။ ဆွမ်းခံကျောင်းသား မရှိ၍ဖြစ်စေ၊ အလည်လွန်နေ၍ ဖြစ်စေ မိမိတာဝန်ကျရာ ကန့်လန့်တန်း နောက်ဖေး

တန်းသို့ ဆွမ်းခံဝတ်ပျက်ပါက ဘုန်းတော်ကြီး ပြန်ရောက်သည်နှင့် ဘယ်နေ့က ကျောင်းသားများ ဆွမ်းခံမလာကြောင်း ဘုန်းတော်ကြီးအား ဒါယကာများက တိုင်တန်းလျှောက်ထားတတ်ကြ၏။ ထိုအခါတွင် ဘုန်းတော်ကြီးသည် ကိုရင်ကျောင်းသား အကုန်ခေါ်၍ တစ်ဦးချင်းမစစ်ဆေး၊ လျှောက်လဲချက်မတောင်း၊ အပြစ်ကိုသာပြောပြ၍ ကိုရင် ကျောင်းသားတစ်ဦးချင်းအား အနီးတွင်မတ်တတ်ရပ်စေပြီး ထန်းစွေမှုတ်နှင့် ခြေမျက်စိတစ်ဖက်ကို သုံးချက်စီ ခေါက်ပါတော့၏။

ခြေမျက်စိကို ထန်းစွေမှုတ်နှင့် အခေါက်ခံရလျှင် ချက်ချင်းမူ ကြိမ်နှင့်အရိုက်ခံ ရသည်ထက် အခံရခက်၏။ တစ်ချို့ဆိုလျှင် ခြေမျက်စိနာကျင်ပြီး ထိုအနီးတွင်ပုံရက်လဲကာ နာကျင်ရင်း ရယ်မောစရာကြီးဖြစ်၍ နေကြရ၏။ သို့သော် မကြာမီပင် ထော့နဲ့ ထော့နဲ လမ်းလျှောက်သွားနိုင်သည်နှင့် နာကျင်မှုမှာ ယူပစ်သလို ပျောက်ကင်းသွားပြီး ဒဏ်ရာဒဏ်ချက်လည်း မရှိတော့ပေ။ ဘုန်းကြီး၏ အကျင့်မှာ သူမရှိခင် ဖြစ်ပျက်သည့် အမှုအခွက် အပြစ်ဒဏ်ချမှတ်လျှင် ဤသို့ပင် ကိုရင်ကျောင်းသားအားလုံးနှင့် သက်ဆိုင်စေပြီး ပြစ်ဒဏ်ချတတ်၏။ ဘုန်းတော်ကြီးမရှိတုန်း အချင်းချင်း တစ်ဦးကို တစ်ဦး ထိန်း၍ နေထိုင်ကြစေရန် ဖြစ်၏။ ပြစ်ဒဏ်သင့်စေရာတွင်လည်း ထန်းစွေမှုတ်မှာ ဘုန်းတော်ကြီး၏ လက်စွဲတော်ပင်ဖြစ်တော့၏။

ယနေ့တော့ ဆွမ်းခံအတန်း မစေ့ကာမှ မစေ့၊ ဘုန်းတော်ကြီးပြန်လာ၍ အရိုက်ခံ ထိကာမှထိ ဆွမ်းခံကိစ္စကို ကျောင်းသားများနှင့် စီစဉ်ပေးထားခဲ့ပြီး ကိုရင်နှစ်ပါးနှင့် ကျောင်းသားနှစ်ယောက်တို့သည် တူးစရာဆွစရာ လက်နက်ကိရိယာများယူ၍ တောသို့ဝင်ခဲ့ကြ၏။ တောဟုဆိုသော်လည်း ခပ်ပါးပါး နွားစားကျက်တောသာ ဖြစ်ပြီး လူသူလေးပါး ဖြတ်သွားဖြတ်လာ ကင်းရှင်းသဖြင့် ကိုရင်ကျောင်းသားများ၏ လူမသိစေချင်သော ကိစ္စနှင့်မူ အနေတော်ဖြစ်၍နေ၏။

တစ်နေရာအရောက်တွင် ညက အိပ်မက်မက်ခဲ့သော ကိုရင်ကြီးကပြော၏။

"ဒီဆီးပင်အောက်ပဲ။ ဟိုမှာကြည့်၊ ညက အိပ်မက်ထဲက အတိုင်းပဲ ထနောင်းငုတ်တိုလေးနဲ့ ဘေးက အုတ်ခဲကျိုးလေး။ အုတ်ခဲကျိုးဖယ်ပြီး အောက်ကိုတူးရမယ်"

ကိုရင်နှစ်ပါး ကျောင်းသားနှစ်ယောက်တို့ တစ်လှည့်စီ မြေကြီးကို တူးဆွကြသည်။ ခဏအကြာ မြေကြီးကို နှစ်ပေခန့် တူးမိသောအခါ ချင်ခနဲမြည်သံနှင့်အတူ သံကဲ့သို့ အရာဝတ္ထု တစ်ခုကို စတင်တွေ့ရှိကြ၏။ ဆက်တူးကြရာ မကြာမီ ရှည်ရှည် မျောမျော အရာဝတ္ထုမှာ အလုံးအထည်နှင့်တကွ မြေကြီးထဲမှ

ပေါ်လာသည်။ ထိုပစ္စည်း၏ အခွံကို တူရွင်းဖြင့် ခြစ်ကြည့်ရာ ရွှေကဲ့သို့ အရောင် အဆင်းလက်လက်ကို တွေ့မြင်ကြရသည်။

အားလုံး ပျော်ရွှင်သွားကြ၏။ အိပ်မက်မက်သည့် ကိုရင်ကြီးကား ဝမ်းသာလုံးဆို့ပြီး ထခုန်နေတော့သည်။ ပြီးမှ ဘယ်သူ့ကိုမှ အသိမပေးရန် ကိုရင်ကြီးက ကျန်ကိုရင်နှင့် ကျောင်းသား နှစ်ဦးအား လမ်းတွင် နှုတ်ပိတ်သည်။

"မင်းတို့ရွာထဲက ဘယ်သူ့မှမပြောကြနဲ့နော်။ ငါသူဌေးဖြစ်ရင် မင်းတို့လဲ ကောင်းစားမှာပဲ။ ပြီးတော့ အိပ်မက်နဲ့ရတဲ့ ပစ္စည်းကို လူတကာလျှောက်ပြောလိုက်ရင် ပျောက်ပျက်သွားတတ်တယ်တဲ့။ လူကြီးတွေ ပြောကြတာရှိတယ်"

ရွှေဟုထင်ရသော ထိုရှည်ရှည်မျောမျော အရာဝတ္ထုကို ထမ်း၍ ကျောင်းသို့ပြန်ခဲ့ကြရာ ကျောင်းရောက်သော် ဆွမ်းခံ စုံပြီဖြစ်သည်။ ဆွမ်းခံကိစ္စပင် ခေါင်းထဲမထည့်နိုင်။ ဝမ်းသာလုံးဆို့ပြီး ကိုရင်များမှာ ဆွမ်းကိုပင် ဖြောင့်အောင် မစားနိုင်ဘဲ ရှိလေသည်။

ဆွမ်းစားပြီးသည်နှင့် လုပ်ငန်း စကြတော့သည်။ အိပ်မက်ပေးအရာဝတ္ထုကို ကျောင်းအောက်သယ်၍ ခေါင်းဟု ထင်ရသောဖက်မှ တူနှင့်ထုရိုက်ဖွင့်ဖို့ ကြိုးစားကြလေသည်။

အတန်ကြာသည်အထိ ထုရိုက်ဖွင့်၍မရသည့်အဆုံး ဘုန်းတော်ကြီး၏ ဗီရိုအံဆွဲထဲမှ သံဖြတ်လွှသွားယူလာ၍ ခါးလယ်မှ ပိုင်းဖြတ်ရန် အကြံပေးသူကပေး၏။ ကိုရင်တစ်ပါးကပါ ထောက်ခံသဖြင့် ထိုအကြံအောင်မြင်သွားပြီး အိပ်မက်ပေးရှည်မျောမျောအရာဝတ္ထုမှာ တစ်ယောက်တစ်လက် ကျောင်းသားကိုရင်လက်ဖြင့် ခါးလယ်မှ အပိုင်းခံရလေတော့သည်။

မကြာပါ။

တစ်သက်နှင့်တစ်ကိုယ် မကြားဖူးသော ပေါက်ကွဲမြည်ဟည်းသံကြီးတစ်ခု ပေါ်ထွက်လာပြီး တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ပါ လန့်ဖျပ်သွားခဲ့လေသည်။

ကျောင်းပေါ်တွင် စားပြီးဆွမ်းပန်းကန် ဆွမ်းဟင်းခွက်များ ဆေးကြောကျန်ရစ်နေသော ကျောင်းသားငယ် နှစ်ဦးမှာ ကျောင်းပေါ်မှ ဆင်းပြေးလာကြသည်။ ကျောင်းအောက်မှ အဖြစ်အပျက်ကိုမြင်ရာ မကြည့်ရဲဘဲ အော်လျက် ရွာထဲသို့ ဆက်ပြေးလာကြသည်။

ဘုန်းတော်ကြီး ကျောင်းဖက်မှ ထူးဆန်းသော ပေါက်ကွဲမြည်ဟည်းသံကြီးကြောင့် ကျောင်းဘက်သို့ လူစု၍ ထွက်လာသော ရွာထဲမှ လူကြီးငါးယောက်နှင့် ပြေးလာသော

ကျောင်းသားနှစ်ဦး လမ်းတွင်ဆုံကြပြီး ပြန်ပါလာ၏။ လူကြီးများ ကျောင်းရောက်သော် အဖြစ်အပျက်မှာ လူကြီးများပင် မကြည့်ဝံ့ရဲစရာ ဖြစ်၏။

ကျောင်းသားငါးယောက် ကိုရင်သုံးပါးအနက် တစ်ဦးသာ ဒဏ်ရာအနည်းငယ်ဖြင့် မေ့မျောနေ၏။ ကျန်ကိုရင် ကျောင်းသားများမှာ ခန္ဓာကိုယ်တစ်စစီ ဖြစ်၍နေပေပြီ။ အနီးရှိ ကျောင်းတိုင်တစ်လုံး ပြုတ်ထွက်သွားပြီး ထိုတိုင်ထောက်ထားသည့် ကျောင်းခန်းမှာ ပြိုတော့မည်ကဲ့သို့ ဖြစ်နေ၏။

တကယ့်အဖြစ်အပျက်တို့သည် ဒဏ္ဍာရီပုံဝတ္ထုထက် ဆန်းကြယ်တတ်ပေစွ။

စင်စစ်ကား ကိုရင်ကြီးအား နတ်ကောင်းက အိပ်မက်ပေးခြင်း မဟုတ်။ နတ်ဆိုးက အိပ်မက်ပေးခြင်းသာ ဖြစ်ရပေမည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မပေါက်ကွဲဘဲ မြေထဲမြှုပ်နေသော ဗုံးဟောင်းရှိရာ နေရာကိုမှ အတိအကျ အိပ်မက်ပေးပြီး လူကြီးသူမများ မမြင်ကွယ်ရာတွင် အကြားအမြင် ဗဟုသုတချို့တဲ့မှုက ကိုရင်ကျောင်းသားတစ်စုအား ကြမ္မာငင် အိပ်မက်ဆိုး၏ သားကောင်ငယ်များအဖြစ်သို့ ရောက်ရှိစေကာ ကြွေမွခဲ့ရရှာပေတော့သည်။ ■

# ကျောင်းနှင့်အိမ်

စာအုပ်စာပေ လောကတွင် သတ်ပုံသည် အရေးကြီး၏။ သတ်ပုံလွဲလျှင် အဓိပ္ပါယ်အယူအဆ တစ်မျိုးဖြစ်သွားနိုင်၍ ဂရုစိုက် ကြရ၏။ ရှေးအခါက 'ဝန်မင်း' ကို 'ဝံမင်း'ဟု သတ်ပုံမှားဖြင့် ရှင်ဘုရင်အား စာတော်ဆက်သွင်းမိသဖြင့် တိရစ္ဆာန် 'ဝံ' သတ္တဝါ တစ်ကောင်ဟု သတ်မှတ်ခံရကာ တောသို့နှင့်ထုတ် ခံရဖူး ကြောင်း စာရှိလေသည်။

သတ်ပုံလောကတွင် 'အများညီလျှင် ဤကို ကျွဲဖတ်သော်ရ၏' ဟု မခိုင်မာသော စကားတစ်ရပ်ရှိသည်။ (ဤ) အက္ခရာနှင့် (ကျွဲ) အက္ခရာ တို့မှာ ရေးဆွဲပုံ မသဲမကွဲရှိလှ၏။ စာပေခေတ်တစ်လျှောက် 'ဘဲနှင့်ပဲ' 'ဘက်နှင့်ဖက်' ပြဿနာသည် ယနေ့တိုင် အားသန်သလို မတည်မငြိမ် ဖြစ်နေသေးသည်ကို ထောက်သော် ဤနှင့် ကျွဲအဆိုမှာ ဟုတ်သကဲ့သို့ရှိ၏။ သို့သော် ဤအက္ခရာနှင့် ကျွဲအက္ခရာမှာ အရေးအသားပုံ သဏ္ဌာန် အလွန်နီးစပ်သော်လည်း အနက်အဓိပ္ပါယ်ချင်း ဘယ်လိုမှ ဆက်စပ်မရပေရာ နေရာတကာ ဤကိုကျွဲဖတ်ပါက အများညီနိုင်မည် မထင်ပေ။

စာပေ အသုံးပြုမှု နည်းပါးသော ကျေးလက်ဒေသ တစ်ချို့တွင်လည်း ကျေးရွာအမည် ဆိုင်းဘုတ်များမှာသတ်ပုံကို အသံထွက်အတိုင်း ရေးသားထားသည်ကို ဖတ်ရှုရတတ်၏။ ဥပမာ- ဂျို့ကုန်းရွာ၊ ဇီးကုန်းရွာ၊ ဇပြေကုန်းရွာ၊ ဂန့်ဂေါ်စုရွာ၊ ကျီးဘင်စုရွာ၊ မှန်ကလာကုန်းရွာ စသည်တို့ဖြစ်သည်။

ကျည်းပင်စုရွာသည် အိမ်ခြေ ၈၀-ခန့်သာရှိသည့် ရွာငယ်ဖြစ်၏။

မြို့ကြီး ရွာကြီးတို့တွင် ကျောင်းထိုင်မည့် ပုဂ္ဂိုလ်ပေါ်များသော်လည်း ကျည်းပင်စုလို ရွာသိမ်ရွာငယ်တွင်မူ ဆွမ်းရေး ကွမ်းရေးမှအစ ခက်ခဲသဖြင့် ကျောင်းထိုင်ပုဂ္ဂိုလ်ရှားပါးတတ်သည်မှာ သဘာဝကျပေ၏။ သို့ရာတွင် မကြာသေးမီကမှပင် ကျည်းပင်စုရွာထိပ်တွင် ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်း ဖြစ်တည်ခဲ့ပေရာ ကျည်ပင်စုရွာသားများ ဝမ်းသာလျက်ရှိကြ၏။ တစ်ခြားရွာတွင် ဒုလ္လဘမဲပေါက်ခဲ့သူ ကျည်းပင်စုရွာသား တစ်ကိုယ်ရေ တစ်ကာယသမားတစ်ဦးမှာ ရဟန်းဘဝနှင့် ပျော်ပိုက်ကာ လူမထွက်တော့သဖြင့် ထိုကျောင်းဆရာတော်အား လျှောက်၍ ကျည်းပင်စု ရွာထိပ်တွင် ယာယီဝါးကျောင်း ဆောက်လုပ် ကျောင်းအပ်ထားကြသည်။

ဦးပဍ္ဍင်းကြီးက သွပ်ပြားဟောင်းတစ်ခုပေါ်တွင် ကျောင်းနာမည်ရေး၍ ဆိုင်းဘုတ်ပါ ချိတ်ထား၏။

'ကျီးဘင်စုကျောင်း'

ခပ်ကြောင်ကြောင် ရွာသားတစ်ဦးက ဦးပဍ္ဍင်းကြီး၏ သတ်ပုံအမှားကို လူတတ်ပညာရှိလုပ်၍ ပြင်ပေး၏။

"ကျီးဘင်စုကတော့ဟုတ်ပါပြီ။ (ကျောင်း) က ကျွဲကျောင်း နွားကျောင်း တွေလဲ ဒီ (ကျောင်း) နဲ့ စာ[illegible]ရေးတူနေတာကြီးက မကောင်းလိုက်တာ"

နောက်နေ့တွင် ကျောင်းဆိုင်းဘုတ်မှာ စာလုံးပေါင်း ပြောင်းသွား၏။ ကျီးဘင်စုကြောင်း။ သွားပြီ။ ဦးပဍ္ဍင်းကြီးကား လှေလှူးနှင့် ရေကြောင်းသွား မှားခဲ့လေပြီ။

ရွာသားများထဲကတော့ ဦးပဍ္ဍင်းကြီး လုပ်ဆောင်ထားသည်ကို တစ်စုံတစ်ရာ ဝေဖန်ခြင်းမပြုကြပေ။ သို့သော် ဖြတ်သွားဖြတ်လာ ခရီးသွားများက ဦးပဍ္ဍင်းကြီး၏ ကျောင်းဆိုင်းဘုတ်ကို ဖတ်၍ ပြုံးရယ်ကြ၏။ လူပြောသူပြောများလာသော် ရွာရှိလူကြီးအချို့က ဦးပဍ္ဍင်းကြီးအား လျှောက်ထားကြ၏။ အများဘုန်းကြီးကျောင်းများရော၊ စာသင်ကျောင်းများရော ယပင့်နှင့် 'ကျောင်း'သဖြင့် ထိုကဲ့သို့ အများနည်းတူ 'ကျောင်း' နှင့်ရေးပါမှ အများ၏ ကဲ့ရဲ့လွတ်မည်ဖြစ်ကြောင်း လျှောက်ကြ၏။

ထိုအခါ ဦးပဥ္စင်းကြီးသည် ကျောင်းဆိုင်းဘုတ်ကို ချက်ချင်းပင် တူနှင့်ရိုက်ဖြုတ်ပစ်သည်။ ဒေါလည်း ခပ်ကန်ကန်ဖြစ်သွား၏။ ဦးပဥ္စင်းကြီး ဒေါကန်သည်မှာ (ကျောင်း)ကို ရရစ်နှင့် သဘောကျရှာသည့် ပညာရှိ ဒါယကာကိုလား၊ ဒါမှမဟုတ် ကိုယ့်ခရီးကိုယ်မသွားဘဲ ကျောင်းဆိုင်းဘုတ်ကို ဖတ်၍ ဝေဖန်ပြောင်လှောင်သွားကြသည့် ဖြတ်သွားဖြတ်လာ ပုဂ္ဂိုလ်များကိုလား၊ သို့တည်းမဟုတ် သတ်ပုံ ဗဟုသုတချို့တဲ့ မှန်းသိလျက် ကျောင်းဆိုင်းဘုတ်ရေး၍ ချိတ်တင်ခဲ့မိသည့် မိမိကိုယ်၌ကိုလား မပြောတတ်ပေ။ သုံးမျိုးစလုံးအားလည်း ဖြစ်ကောင်းဖြစ်ပေမည်။

ဘာပဲဖြစ်ဖြစ် ကျည်းပင်စုရွာ ကျောင်းထိုင်ဦးပဥ္စင်းကြီး က ဒေါလည်း ခပ်ကန်ကန် ရှက်လည်း ခပ်ရှက်ရှက်နှင့် ပြောလိုက်သော စကားတစ်ခွန်းမှာမူကား ကျည်းပင်စုရွာ သမိုင်းတွင် စကားပုံတစ်ခု ဖြစ်၍ ကျန်ခဲ့လေ၏။

"ငါ့ဟာငါ. . . ဘာနဲ့ကျောင်းကြောင်း ဘယ်သူကလာ (အိမ်) ဖတ်မှာသတဲ့တုံး"

---

# သမက်နို့ ယောက္ခမ မစို့

ရှာဦးကျောင်း လစဉ်ဆွမ်းအုပ် (နေ့ဆွမ်း) အလှူရှင်စာရင်းတွင် ကိုသာမောင်-မနှောင်းခင်တို့သည် လပြည့်ကျော် (၃)ရက်နေ့ ကျ၏။

လစဉ် လပြည့်ကျော် (၃)ရက် နေ့တိုင်း ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းအုပ်ပို့ရသူမှာ ကိုသာမောင်-မနှောင်းခင် တို့၏ သမီး ဖြူနုဖြစ်သည်။ ဖြူနုသည် အလှည့်ကျ ဆွမ်းအုပ်ပို့ရင်း ပို့ရင်းနှင့် ကျောင်းသို့ မကြာခဏ ရောက်ရောက်လာသော ဘုန်းကြီး၏ တူတော်သူ သန်းမောင်နှင့်ရည်ငံကာ ညားကြလေ၏။

ယောက္ခမဖြစ်သူ မနှောင်းခင်က သမက်အား သိပ်သဘောမရလှ။ ဘုန်းကြီး၏တူ ဆိုသော်လည်း တကယ်တမ်းစစ်ဆေးကြည့်သောအခါ၊ သုံးဝမ်းကွဲခန့် ဝေးသူဖြစ်ပြီး သန်းမောင်၏ မိဘနှစ်ပါးစလုံး မရှိကြတော့ပေ။ ရန်ကုန်မြို့တွင် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သည်ဟု ဆိုသော်လည်း ဘကြီးဘုန်းကြီးသို့ မကြာခဏ ရောက်ရောက်လာနေသည်ကို

ထောက်သော် လုပ်ငန်းသိပ်မကောင်း၍ ဖြစ်ရမည်ဟု မနှောင်းခင်က တွက်ချက်ကြည့်မိသည်။ သို့သော်လည်း ကိုယ့်သမီးနှင့် ရမှတော့ သားသမက်ကစ်ယော်က်လို သဘောထားရုံမှတစ်ပါး ဘာတတ်နိုင်ပါမည်နည်း။

ယောက္ခထီး ကိုသာမောင်ကတော့ ထိုသို့မဟုတ်။ မြို့ပြ၏ ခေတ်မီဝန်းကျင်သစ်ကို အထင်ကြီးသူပီပီ သမက်ဖြစ်သူ သန်းမောင်အပေါ် အထင်မသေးပေ။ သမက်သန်းမောင်သည် လူအေးတစ်ယောက်သာဖြစ်ပြီး မြို့ပြတွင် ကြီးပြင်းကျင်လည်သူဖြစ်သဖြင့် ဒေသန္တရဗဟုသုတနှင့် အရောင်းအဝယ်ပြုလုပ်လျှင် တစ်နေ့ ကြီးပွားချမ်းသာနိုင်သည်ဟု တွက်ဆ၏။

သန်းမောင် မိန်းမရသည်မှာ သုံးလခန့်ရှိပြီဖြစ်သော်လည်း ယခုထိ သူ့အရောင်းအဝယ်လုပ်ငန်းကို မစသေးပေ။ တောအလုပ်ကြမ်းကို လုပ်စကိုင်စ မရှိရာ ယောက္ခထီးနှင့် လယ်ထဲလိုက်သွားပါသော်လည်း နေပူဒဏ် မခံနိုင်ဘဲ အရိပ်တွင်ထိုင်၍ မေးမွေး တစ်ပင်နှစ်ပင်ကိုသာ အတွင်သားပွတ်နေလေသည်။ ညနေ ထမင်းစားပြီးပြန်ပါကလည်း သန်းမောင်သည် လူကြီးများနှင့် ရေနွေးကြမ်းဝိုင်းမဝင်ဘဲ ခပ်လှမ်းလှမ်းတွင် တစ်ဦးတည်း မေးမွေးထိုင်ပွတ်နေတတ်သည်။

သန်းမောင်၏ ထိုအကျင့်ကို မနှောင်းခင်က မနှစ်သက်၊ သမီးဖြစ်သူ ဖြူနုကဲ့သို့ပင် မိဘများနှင့် အတူနေစဉ် ထထကြွကြွ လုပ်လုပ်စားစား ပွင့်ပွင့်လင်းလင်း ပြောဆိုနေစေ့ချင်၏။

"ကိုသာမောင် တော့်သမက်ကလဲ မုတ်ဆိတ်မွေးပဲ ထိုင် ပွတ်ပွတ်နေတာ ဘာမှန်းလဲ မသိဘူး"

ကိုသာမောင် က သမက်ဖက်မှ ကာကွယ်သည်။

"နေပါ့စေကွာ၊ သူ့မှာ အကြံတစ်ခုတော့ရှိမယ်ကွ။ တို့ကို မပြောရဲလို့ဖြစ်မယ်"

တစ်နေ့ညနေ ထမင်းစားသောက်ပြီး ထုံးစံအတိုင်း ကိုသာမောင်နှင့် မနှောင်းခင်တို့သည် ရေနွေးကြမ်း သောက်ရင်း စကားစမြည် ပြောဆိုနေကြ၏။ သန်းမောင်မှာလည်း ထုံးစံအတိုင်း ခပ်လှမ်းလှမ်းတွင် တစ်ဦးတည်းထိုင်၍ မုတ်ဆိတ်မွေးကို ပွတ်သပ်နေလေသည်။ ဖြူနုကမူ မီးဖိုချောင်တွင် ဆေးကြောနေ၏။

"ကဲ. . . လူလေး လာ. . .၊ ရေနွေးကြမ်း သောက် လေကွာ. . . .၊ မေးစရာလဲ ရှိလို့"

ကိုသာမောင်က သမက် သန်းမောင်အား လှမ်းခေါ် သဖြင့် သန်းမောင်နေရာမှ ထလာ သည်။

"အေး. . . တို့တောကတော့ သမီးနဲ့ရလာ သားပဲ၊ သားနဲ့ရလာ ချွေးမလဲ သမီးပဲ။ သမက်ရယ် ချွေးမရယ် သဘောမထားတတ်ဘူး။ သားမှာ အကြံတစ်ခုတော့ ရှိနေပြီလို့ ထင်တယ်။ အဖေတို့ကို အားမနာနဲ့။ ယောက္ခမနဲ့ သမက်မစို့ လုပ်မနေနဲ့ ပွင့်ပွင့်လင်းလင်း ပြောပြပေါ့ကွာ"

သန်းမောင်မှာ ယောက္ခထီးအား အဖေခေါ်ရမှာလည်း နှုတ်ကမရဲ။ ဦးလေးခေါ်ရမှာလည်း ကြိုက်မှ ကြိုက်ပါ့ မလားဟု အ,ထစ် အ,ထစ် ဖြစ်နေသည်။ ဤသည်ကို ယောက္ခမအား မပြောရဲ မဆိုရဲ ဖြစ်နေသည်ဟု ကိုသာမောင်က ထင်သည်။

"အဖေတို့ကို အားနာမနေနဲ့။ ပြောစရာရှိ တာပြောသား။ သမီးတို့ မင်းတို့ ကြီးပွားမယ့် ကိစ္စကို မိဘပဲ ဘယ်တားမလဲ။ ကူစရာရှိလဲ ကူရမှာပေါ့"

မနှောင်းခင်က နှုတ်ဖြင့် ဝင်မပြောသည့်တိုင် သန်းမောင် ထံမှ ဘာအကြံဉာဏ်ဖြစ်မည်ကိုမူ နားစွင့်နေသည်။ သန်းမောင်က အဖေရော, ဦးလေးရော နှစ်ခုစလုံး အခေါ်ကို ရှောင်၍ ပြောလိုက်၏။

"ကျွန်တော့်မှာ တစ်ခုခုအကြံ ဘာမှ မရှိပါဘူးဗျာ"

သန်းမောင်ထံမှ မျှော်လင့်ထားသည်နှင့် တစ်ခြားစီ ဖြစ်နေသဖြင့် ကိုသာမောင်တွင် စိတ်ဓာတ်လျှော့ပါး၍ သွားရလေ၏။

"နို့. . . နေပါဦး၊ အကြံတစ်ခုခု မရှိရင် မေးမွေး ပွှာ်ပွတ်ပြီး ဘာများ စဉ်းစားနေသလဲကွယ့်"

အမေးရှိတော့လည်း ဖြေရမည့်တာဝန်က သန်းမောင် အပေါ် ကျရောက်ခဲ့ပြီတည်း။ သန်းမောင်ကလည်း ဖြေရှာ ပါ၏။

"ဩော်- ဒါလား။ မုတ်ဆိတ်မွေးက မေးစေ့မှ ဘာကြောင့် လာပေါက်သလဲဆိုတာရယ်။ မုတ်ဆိတ်မွေးကျမှ ဘာကြောင့် လိမ်တွန့် ကောက်ကွေး နေသလဲဆိုတာရယ် စဉ်းစားကြည့်နေတာပါ အဖေ"

သမက်လုပ်သူထံမှ "အဖေ. . ."ဟု တစ်ခွန်းအခေါ် ခံရသဖြင့် ကိုသာမောင်မှာ တစ်ချက်ကျေနပ်သွား၏။ သို့သော် သန်းမောင်၏ အဖြေပြောရသဖြင့်ကား သမက်မို့သာ အံကြိတ် ထားလိုက်ရ၏။ သားအရင်းသာဆိုပါက ခြေနှင့် ထ၍ ကန်ပစ် လိုက်မိမှာ သေချာ၏။ မနှောင်းခင်ကမူ မျက်နှာကို ဘေးလွှဲပြစ် ၏။ သူလည်း မျက်နှာဘေးလွှဲပစ်၍သာ မမြင်ရသည်။ မျက်နှာ ရှုံ့မဲ့သွားမည်မှာ သေချာနေ၏။

ထိုမှစ၍ ကိုသာမောင်တစ်ယောက် မြို့ပြနှင့် ခေတ်မီ ဝန်းကျင် အသစ်ကို အထင်ကြီးတတ်သည့် အကျင့်ဓလေ့ ပျောက်ပျယ် သွားတော့မည်မှာကား ပို၍ သေချာနေတော့ မည်တည့်။ ▬



တစ်ဖြတ်တညီးတုံး

# တစ်ဖြတ်တည်း တုံး

ရွာတစ်ရွာ ညီညွတ်မှုပြိုကွဲလုလု အက်သံပြုလာပြီ ဆိုလျှင် ရွာဦးကျောင်းထိုင် ဘုန်းကြီးအဖို့ အနေရကျပ်လှတော့၏။ ပွတ်ဆောက်ဖျားတွင် မုန်ညင်းစေ့တင်သကဲ့သို့ ဘယ်ညာအတိမ်းအစောင်း မခံတော့ရာ မရွှီမပင့်ပဒါ ကျင့်သုံးတတ်ရ၏။ အဂတိလေးပါးလိုက်ဖို့ ဝေလာဝေး၊ ဒါယကာသံယောဇဉ်ကိုဖယ်ခွာထားရပြီး အမှန်တရား သံယောဇဉ်ကိုပင် လက်ကိုင်မပြုဝံ့ဘဲ ထားရတတ်လေသည်။

ဤနှယ် နှလုံးသွင်းရင်းရှိသော ကုန်းသာရွာ ကျောင်းထိုင်ကိုယ်တော်လေး ဦးပညာသာမိအဖို့ ရပ်ရေးရွာရေးပြဿနာများတွင် ဒါလောက် အခက်အခဲမရှိလှဘဲနှင့် ဖြေရှင်းယာနိုင်ခဲ့သည်က များလေသည်။

ကုန်းသာရွာ၏ ပထဝီဝင်မှာ အရှေ့ဖက်ပိုင်းက ကုန်းမြင့်ဖြစ်ပြီး အနောက်ဖက်ပိုင်းက မြေနိမ့်ဖြစ်လေရာ အရှေ့ကုန်းနှင့် အောက်ကျင်းစုဟု နှစ်ပိုင်းကွဲနေသည်။ အရှေ့ကုန်းတွင် ရှေးယခင်က ဇရပ်ကြီး တစ်ဆောင် ရှိခဲ့ဖူးသဖြင့် အရှေ့ကုန်းအစား ဇရပ်ကုန်းဟုလည်း ခေါ်ဝေါ်ခြင်းပြုကြသေး၏။

ဇရပ်ကုန်းနှင့် အောက်ကျောင်းစုသည် စီးပွားရေး လူမှုရေး သည်မျှကွာဟနေသည်တော့ မဟုတ်၊ ကျေးရွာများ ထုံးစံအတိုင်း ကုန်းနှင့် ကျောင်း တစ်စုနှင့် တစ်စု အိမ်ထောင် ဖက်ပြုရင်း ဆွေမျိုးစုချင်း ယက်ယှက်နေသည်သာ ဖြစ်၏။ ဘယ်အိမ် လက်ညှိုးထိုးထိုး ဆွေမျိုးလွတ်ကြသည် ခပ်ရှားရှား။

သို့သော် တစ်ခုသာ ခက်နေ၏။ ဘုရားပွဲ ကျောင်းပွဲ များတွင် ဇရပ်ကုန်းနှင့် အောက်ကျောင်းစု ဒိုးဝိုင်းနှစ်ဝိုင်းမှာ ပြိုင်စရာမရှိ ပြိုင်ဆိုင်နေကြသည်။ ကြာလျှင် တုတ်တစ်ပြက် ဓားတစ်ပြက် နှင့် ရွာညီညွတ်မှုကိုပါ ထိခိုက်လာစေနိုင်သည်ဟု ကျောင်းထိုင် ကိုယ်တော်လေး ဦးပညာသာမိက ဤသို့ သဘောပိုက်မိနေ၏။

ယခုလည်း ကြည့်။

ကျောင်းကထိန်ပွဲတွင် တီးမှုတ်ရန်ဟု ဇရပ်ကုန်း ဒိုးဝိုင်း ခေါင်းဆောင်က ကျောင်းထိုင်ကိုယ်တော်အား သံချပ်လာစပ် ခိုင်းထားသည်။ အောက်ကျောင်းစုဒိုးဝိုင်းက ကြားလျှင် ထပ် ရောက်လာဦးမည်ဟု ဦးပညာသာမိတွေးဆဆဲပင် ရှိသေး သည်။ ထင်သည့်အတိုင်း အောက်ကျောင်းစု ဒိုးဝိုင်းခေါင်းဆောင် ကပါ ပေါက်ချလာခဲ့၏။ တစ်ဖက်ကိုသာ ဆောင်ရွက်ပေးလိုက် ပါကလည်း မဖြစ်၊ နှစ်ဖက်စလုံး ငြင်းလွှတ်လိုက်ဖို့ကလည်း မသင့်ပေ။ နှစ်ဦးစလုံးအား ကထိန်ပွဲနံနက်တွင်မှ လာရောက် ယူရန် ချိန်း၍ လွှတ်လိုက်ရတော့သည်။

ကထိန်ပွဲနေ့တွင် ဥတ်ဒါယကာက လာရောက်ပြင်ဆင်ထားသဖြင့် ရှု့ချင်စဖွယ် ဥတ်ပဒေသာပင်ကြီးမှာ ကျောင်းဝင်းမှ နေ၍ ညှော်ပရိသတ်များအား ကြိုဆိုလျက်ရှိနေလေသည်။ နေမြင့်လျှင် ဇရပ်ကုန်းပိုင်းသားများက ဦးစွာပင်နောက်ပါ ဒိုးဝိုင်း အတီးအမှုတ်ဖြင့် ပဒေသာပင်တစ်ပင်နှင့်ရောက်ရှိလာ၍မကြာခင်ပင် အောက်ကျင်းစု ပဒေသာပင်ကလည်း ဒိုးဝိုင်းဖြင့် ကျောင်းထဲ ဝင်ရောက်လာ၏။

ကျောင်းဝင်း တစ်ဖက်တစ်ချက်စီတွင် နေရာခွဲချထားပေးသဖြင့် ဒိုးဝိုင်းနှစ်ခုမှာ အပြိုင်ကြဲကြလေတော့သည်။ ဇရပ်ကုန်းဝိုင်းက ကျွဲအကပါ၍ အောက်ကျင်းစုဝိုင်းက ဖိုးဝရုပ်အကပါရှိကြသည်။ ဒိုးဝိုင်း နှစ်ဝိုင်းလုံးတွင် လူအများ ကျိတ်ကျိတ်တိုးနေပြီး သူမသာ ကိုယ်မသာ ရှိလေတော့သည်။ သမရိုးကျသံချပ်များအပြင် နံနက်က ကျောင်းထိုင်ကိုယ်တော်လေးရေးစပ်ပေးသော သံချပ်အသစ်ဖြင့် မြိုင်ဆိုင်နေလေသည်။

ဇရပ်ကုန်းဒိုးဝိုင်းက ကျွဲအကဖြင့် သံချပ်ထိုး၏။

(တစ်ဦး) ကုက္ကိုတုံး . . . . ကုက္ကိုတုံး . . . .

(အများ) တိုင်းလုံးကျော်တဲ့ ကုက္ကိုတုံး . . . .

အောက်ကျင်းစု ဒိုးဝိုင်းက ဖိုးဝရုပ် အကဖြင့် သံချပ်ထိုး၏။

(တစ်ဦး) တစ်ဖြတ်တည်း . . . တစ်ဖြတ်တည်း . . .
(အများ) ရှေ့ကတုံးနှင့် တစ်ဖြတ်တည်းဟေ့။

ကုန်းသာရွာ ရွာဦးကျောင်း ကိုယ်တော်လေး ဦးပညာသာမိ ရေးစပ်ပေးသော သံချပ်အသစ်များပင်တည်း။

ဟိုဝိုင်းကူး သည်ဝိုင်းကူးနှင့် ပရိသတ်နှစ်ခုမှာ ပေါင်းစည်းသွားသကဲ့သို့ ဒိုးဝိုင်းနှစ်ခုမှာလည်း ပွဲသိမ်းတွင် ဝိုင်းပေါင်း၍ တစ်ဝိုင်းတည်းဖြစ်သွားသည်။

ခါတိုင်း တစ်ခုခုတော့ ဖြစ်နေကျ အခြေအနေမှ ဘာပြဿနာမှ မရှိဘဲ ပျော်ရွှင်စွာ ပွဲပြီး၍ သွားကြ၏။ ကုန်းသာရွာ ကျောင်းထိုင် ကိုယ်တော်လေးမှာ ရပ်ရွာ အကြီးအကဲများနည်းတူ ကျောင်းပေါ်မှာ နေ၍ ကျေနပ်နေလေတော့သည်။

-------



# ဘုန်းကြီး အချစ်တော်

ဘုန်းကြီးကျောင်းသားလောကတွင် ‘ ဘုန်းကြီးအချစ်တော်’ ဟူသော ဝေါဟာရတစ်ခု ရှိနေသည်။

အမှန်တော့ ဘုန်းတော်ကြီးက ‘ ဟဲ့. . . ကိုရင်တစ်ပါး၊ ဟဲ့. . . ကျောင်းသားတစ်ယောက်’ဟု လှမ်းခေါ်၏။ သို့မဟုတ် အနီးရှိ ထန်းစေ့မှုတ်ဖြင့် တိုင်ခေါက်၍ ကိုရင်ဖြစ်စေ၊ ကျောင်းသားဖြစ်စေ တစ်ဦးဦးလာရောက်ရန် အချက်ပေး၏။ ထိုအခါ ကိုရင်ကျောင်းသားတစ်ဦးဦး သွားရမည်ဖြစ်၏။

သို့သော် ကိုရင်ကျောင်းသားအများစုမှာ ဘုန်းတော်အနီးသို့ သွားရမှာ ကြောက်ရွံ့နေကြသည်အလျောက် သွားစရှိသူ တစ်ဦးဦးကိုသာ တွန်းထိုးလွှတ်ကြလေသည်။ ကြာတော့ ထိုကိုရင် ကျောင်းသားမှာ ဘုန်းတော်ကြီး၏ အလိုကို သိကျွမ်းသူ ပါးရေနပ်ရေ ရှိသူဖြစ်ကာ ဘုန်းတော်ကြီး၏ လက်ကသုံးထောင်ဖွေး အသုံးပြုခြင်း ခံရတော့လေသည်။ ယင်းသည့် ကိုရင်ကျောင်းသားအား ကျန်ကိုရင် ကျောင်းသားများက ‘ ဘုန်းကြီးအချစ်တော်’ ဟုခေါ်ဝေါ်သမုတ်ခြင်း ပြုကြလေတော့သည်။

ဘုန်းကြီးအချစ်တော်များထဲတွင်လည်း အချို့ ရိုးရိုးနပ်နပ်ရှိသလို တစ်ချို့ ဆောင့်ကြွားကြွား လူပါး လူလည်များလည်း ရှိ၏။ ရိုးရိုးနပ်နပ် ဘုန်းကြီး အချစ်တော်မှာ နေရာဒေသအခြေအနေသုံးသပ်၍ လုပ်ဆောင်သည်အားလျော်စွာ လူချစ်လူခင်များသော်လည်း လူပါးလူလည် ဘုန်းကြီးအချစ်တော်ကား ဘုန်းတော်ကြီး၏ အရေးပေးခံရမှုကို အလွဲသုံးစားပြုလျက် ကျန်ကိုရင် ကျောင်းသားများအပေါ် လူလည်ကျသြဇာပေးတတ်သဖြင့် အများ၏ မုန်းတီးခြင်း ခံရတတ်ပေသည်။

အောင်ပုသည် ဘုန်းကြီးအချစ်တော် ဘဝက သြဇာပေးမှုကြောင့်ပင် ခေါင်းပေါက်ဖူးလေ၏။

ဝါကျွတ်၍ ကထိန်ရက်နီးသော် ဘုန်းတော်ကြီးက ကိုရင်ကျောင်းသားများအား ကျောင်းရှေ့ရှိ မြက်ပင်များကို ရှင်းလင်းခိုင်းသည်။ ယနေ့မြက်ရှင်းရမည်ဟု သတင်းဦးစွာရရှိသည်နှင့် အောင်ပုက လူပါးလူနပ်လုပ်ကာ ဘုန်းတော်ကြီး၏ ကွမ်းအစ်ကို ယူ၍ ကွမ်းအပုပ်များကို လဲသယောင် အလုပ်ရှုပ်နေလိုက်သည်။ ပြီးသော် တစ်ဖန် ထွေးခံဆေးဘာဆေးနှင့် ကိုရင်ကျောင်းသားများ မြက်ရှင်း၍ ထက်ဝက်ကျခါမှ အောင်ပုရောက်လာ၏။ အောင်ပု အနည်းအကျဉ်း မြက်ဝင်ရှင်း၍

သွေးပင် မပူသေး။ ဆွမ်းခံချိန်ရောက်လာ၍ နံနက်ပိုင်း နားကြရလေသည်။

အောင်ပုက ပေါက်တူးပစ်ချ၍ အနီးရှိ ကျောင်းသား တစ်ဦးအား ဩဇာပေးကာ ပေါက်တူးကို သိမ်းခိုင်းသည်။ ဤတွင် စောစောတည်းက အောင်ပုအား မကျေနပ်နေသော ကျောင်းသားမှာ ပေါက်တူးဆွဲယူ၍ စိတ်ပေါက်ပေါက် နှင့် ပေါက်တူးရိုးဖြင့် အောင်ပုအား ရိုက်သည်။ အောင်ပုက ရှောင် ၍ ထွက်ပြေးသော် တွေ့ရာခဲလုံးနှင့် ကောက်ပေါက်ရာ နောက်စိမှန်ပြီး အောင်ပု ခေါင်းပေါက်ခဲ့ဖူးလေသည်။

အောင်ပုမှာ ဘုန်းကြီးကျောင်းမှထွက်၍ ရပ်ရွာထဲ ရောက်သော်လည်း ဘုန်းကြီးအချစ်တော်ဘဝက ပါလာသော ဩဇာပေးဝါသနာမှာ မပျောက်ပေ။ ကာလသားများနှင့် ဖွဲ့စည်းထားသော သာရေးနာရေးလူငယ်အဖွဲ့တွင် အောင်ပု သည် ခေါင်းဆောင်ပိုင်းမှ ပါဝင်ပြီး တက်တက်ကြွကြွ ဆော် ဆော်ဩဩ ရှိပါ၏။ သို့သော် အောင်ပု၏ ဝါသနာအတိုင်း ဩဇာပေးမှုသာ ပေါ်လွင်လျက် လူငယ်အများစု၏ လေးစားမှု မခံရပေ။

အောင်ပု၏ ဩဇာပေးမှုများမှာ တစ်ခါတစ်ခါ ရယ် စရာပင် ကောင်းတတ်၏။

အလှူတစ်ခုတွင် ထမင်းကျွေးရာ သာရေးနာရေး လူငယ်အဖွဲ့က အကျွေးအမွေး တာဝန်ယူရသည်။ ထမင်းချက်အဖွဲ့မှ ဖိုကိုင်သူများ ခန့်မှန်းမှုမှားပြီး ထမင်းတစ်တောင်းမှာ အပေါ်ယံ မနပ်သဖြင့်လူငယ်နှစ်ယောက်က ထမင်းတောင်းမှ အပေါ်ယံမှ မနပ်သော ထမင်းများကို ယက်သွန်ကြသည်။ ထိုနေရာသို့ အောင်ပုရောက်လာပြီး 'အပေါ်ယံပဲသွန် အပေါ်ယံပဲသွန်' ဟု ဩဇာပေးလေသည်။

ထမင်းတောင်းကို အပေါ်ယံသွန်အပြီး နပ်သည့်အပိုင်းရောက်၍ လူငယ်နှစ်ဦးက ထမင်း အသွန်ရပ်လိုက်သော် အောင်ပုက 'ရပ်တော့ ရပ်တော့' ဟု ဘေးမှ ရပ်လျက် ဩဇာပေးပြန်သည်။ ဤတွင် လူငယ်နှစ်ဦးမှာ စိတ်ပေါက်ပေါက်ရှိလာပြီး ထမင်းတစ်တောင်းလုံးကို သွန်ချပစ်လိုက်ကြသည်။ ဒါကိုလည်း အလွတ်မခံဘဲ အောင်ပု ဩဇာပေးဖြစ်အောင်ပေးလိုက်သေး၏။

"အကုန်သွန်လိုက် အကုန်သွန်လိုက်"

တစ်ခါသော် အသုဘတစ်ခုချခါနီး ဩဇာပေးနေရာတွင် အောင်ပုအား မတွေ့ရသဖြင့် တစ်ခုခု လိုနေသကဲ့သို့ ထင်ရ၏။ အောင်ပုအား အဘယ်မှာ တွေ့ရပါမည်နည်း။ ညက အသုဘဖဲဝိုင်းတွင် အကောက်တောင်းပေးနေရသဖြင့် အိပ်ရေးပျက်ပြီးအိမ်ထောင့်တွင် ကွေးကွေးလေး အိပ်ပျော်နေခဲ့သည်ပဲ။

ကြေးစည်ထု၍ အသုဘချသွားပေပြီ။ အိမ်ရှေ့ မဏ္ဍပ်ဖျက်သူဖျက်၊ ဆေးလိပ်ဗန်းနှင့် ကွမ်းအစ်များ သိမ်းသူသိမ်း ပြုကြရာတွင် အိပ်ပျော်နေသော အောင်ပုအား တွေ့ရှိမှ နှိုးကြရသည်။ အသုဘချသွားပြီဟု သိရသည်နှင့် အောင်ပု ထပြေး၍ ဖြတ်လမ်းမှ လိုက်သည်။

ရွာထိပ်ရှိ ရွာဦးကျောင်းအနီး သုသာန်သွား လမ်းတွင် လူတန်းနောက်မှာ မီသည်။

ရွာထဲမှ အသုဘချလာလျှင် ဒါယကာတစ်ဦးက ကျောင်းမှ စောင့်၍ အသုဘချလာသော လူတန်းရှေ့မှ သံဃာတော်များကို မချိန်ကိုက်၍ ပင့်သွားရမြဲဖြစ်သည်။ အသုဘ ချလာသူများကလည်း သံဃာတော်များ ကြွလာသည်ကို မြင်သည်နှင့် ခြေလှမ်းဆိုင်းလျှောက်၍ ဘုန်းတော်ကြီးအား ရှေ့မှနေရာပေးရမြဲ ဖြစ်သည်။

ဤအချင်းအရာကို မြင်သော် ပရိသတ်နောက်နား ရောက်နေသော အောင်ပုက လှမ်း၍အသံကျယ်ကျယ်နှင့် ဩဇာပေးမိအောင် ပေးလိုက်ချေ၏။ သူဩဇာမပေးလိုက်ရလျှင် ဒီအသုဘ သုသာန်သို့ မရောက်နိုင်ဟုများ အောင်ပု ခံယူထားသလား မသိတော့ပေ။

အောင်ပု ဩဇာလှမ်းပေးလိုက်သည်မှာ 'ဟေ့ -- ဟေ့- ဘုန်းကြီးကို ရှေ့ကကြွပစေ' ဟူပေ၏။ ■

# ဝါတဲ့ဗျာ ဝါတဲ့

ဗုဒ္ဓဘုရားရှင် လက်ထက်တော် အခါသမယနှင့် ရဟန္တာမထေရ်ကြီးများ သက်ရှိထင်ရှားကာလများက ရဟန်းလည်း ရဟန်းမို့ လူဒကာလည်း လူဒကာမို့ အရိယာပုဂ္ဂိုလ်များ ပေါ များခဲ့ပေ၏။ လူနှင့်ရဟန်း ခွဲခြားမှု အစဉ်အလာများ ရှိခဲ့လေသည်။

လူပုဂ္ဂိုလ်များသည် အရိယာအဆင့်သို့ ရောက်ရှိခဲ့သူဖြစ်စေကာမူ ယနေ့ပြုသစ်စ ရဟန်းသာမဏေအား အရိုအသေပြု ရှိခိုးရလေသည်။ ရဟန်းလောကတွင်လည်း ယနေ့ပြုသစ်စရဟန်းသည် ရဟန္တာအဖြစ်သို့ ရောက်ရှိစေကာမူ ဝါကြီးသူ ရဟန်းအား အရိုအသေပြုရပေ၏။ လူဒါယကာတို့သည် ရဟန္တာအဆင့်သို့ ရောက်ရှိပါက ၇-ရက်အတွင်း ရဟန်းဝတ်သော် ဝတ်ရ၏။ မဝတ်ပါက ပရိနိဗ္ဗာန်သော် ဝင်စံရလေသည်။

ငယ်ဖြူရဟန်းတော်များသည် အသက် ၂၀-ပြည့်လျှင် ပဉ္စင်းခံနိုင်သည်ဟုဆိုရာ ၁၉-နှစ်ပြည့်ပြီး ပဋိသန္ဓေရက်နှင့်တွက်၍ ရက်စွန်းမခံ ပဉ္စင်းခံကြသည်လည်းရှိ၏။ တစ်ချို့လည်း အသက် ၂၀-တင်းတင်း ပြည့်ကျော်လွန်မှ ပဉ္စင်းခံဖြစ်သည်

လည်းရှိလေသည်။ ပုထုဇဉ်လူသားတို့ ထုံးစံသဘောမှာ အသက်ငယ်ချင်ကြ၏။ အသက်ကြီးရင့်ခြင်း ဇရာကို ကြောက်ကြသဖြင့် အသက်လျော့၍ နုပျိုနေဆဲဟု အပြောခံရလျှင် နှစ်သက်တတ်ကြသည်။

ရဟန်းသံဃာလောက၌မူ ဝါသည် အရေးကြီးလှ၏။ ဝါငယ်သူက ဝါကြီးသူပုဂ္ဂိုလ်အား အရိုအသေပြုကြရ၏။ ဝါပင်တူစေဦး ရဟန်းဖြစ်ရက် စောသူအား နောက်ကျသူက ရှိခိုးရမြဲ ကျင့်ဝတ်စည်းကမ်း ရှိပေသည်။ ထိုကျင့်ဝတ်စည်းကမ်းကို ရဟန်းသံဃာတို့အား ကိုးကွယ်ဆည်းကပ်သူ ဒါယကာတို့ အနေနှင့်လည်း သိထားသင့်ကြပေသည်။

တစ်ခါက ကျေးလက်တောရွာတစ်ခုတွင် အလှူတစ်ခု ပြုလုပ် လေရာ ရပ်နီးရပ်ဝေး သံဃာတော်အရှင်မြတ်တို့အား ပင့်ဖိတ် ထားလေ၏။ အလှူဒါယကာတို့လည်း အလှူမဏ္ဍပ်တွင်း သံဃာစင်ပေါ်တွင် ရဟန်းသံဃာတော်များ ကြွလာပါက သီတင်းသုံးရန် နေရာများ ခင်းကျင်းစီမံထားသည်။ မထေရ်ကြီး သီတင်းသုံးရမည့် သီးသန့် ကုလားထိုင်ကြီးနှင့်တကွ ပင့်သံဃာအားလုံးအတွက် ကော်ဇောများ အပြည့်ခင်းထား လေ၏။

နေ့လယ်ပိုင်း ပရိတ်တရားတော် နာကြားရန်နှင့် ရေစက်ချ အမျှပေးဝေရန်အတွက် ဖိတ်ထားသော ပရိသတ် များ တဖွဲဖွဲ ရောက်လာနေကြပြီ ဖြစ်သည်။ သံဃာတော်များ အား ရှင်ပြုရဟန်းခံပွဲသို့ နေ့ဆွမ်းအမီ ပင့်ဖိတ်တတ်သော် လည်း အလှူ ရက်တိုက်ဆိုင်နေသည့် ရဟန်းသံဃာတော်များ သည် ဆွမ်းစားပြီးမှ မဏ္ဍပ်သို့ ကြွလာမည်ဖြစ်သည်။

မဏ္ဍပ်သို့ အဦးဆုံးကြွလာသည့် ပုဂ္ဂိုလ်မှာ သက်ရွယ် ကြီးရင့်ပြီဖြစ်သော မထေရ်တစ်ပါးဖြစ်သည်။ ဥပမိရုပ်မှာလည်း အေးဆေးတည်ငြိမ်မှုရှိသဖြင့် ဝါတော် ၆၀-ကျော်မထေရ်ကြီး လားဟု ထင်မှတ်ရလေသည်။ ကြိုဆိုပင့်ဆောင်သော ဒါယကာ သည် ထိုမထေရ်ကြီးအား သံဃာအကြီးအကဲနေရာတွင် ချထားပေးသည်ကို ထိုပုဂ္ဂိုလ်က အလွယ်တကူ လက်ခံလေ သည်။ ပရိတ်တရားနာ ကြွရောက်ကြသော ဒါယကာများက လည်း သက်တော်ရှည် မထေရ်ကြီးတစ်ပါးဟု လက်ခံသဘော ပေါက်ကြလေသည်။

မကြာမီ သံဃာတော် တစ်ပါးချင်း နှစ်ပါးချင်း ရောက် လာပေရာ မထေရ်ကြီးဟု အထင်ခံထားသော ပုဂ္ဂိုလ်မှာ မထေရ်ကြီးနေရာမှ ဖယ်ပေးရသည်။ ရဟန်းတစ်ပါးကြွလာ လိုက် နေရာရွှေ့ပေးလိုက်နှင့် အလှူမဏ္ဍပ်တွင် သံဃာစုံသော

အချိန်တွင် စောစောက မထေရ်ကြီးအသွင်နှင့် လာရောက်သောပုဂ္ဂိုလ်မှာ သူ့နောက်တွင် ဘယ်ပုဂ္ဂိုလ်မှမရှိတော့သော သံဃာစင်အစွန်ဆုံး နေရာသို့ ရောက်ရှိသွားလေသည်။

နေရာချပေးခဲ့သော ဒါယကာသည် တောထွက်ကိုယ်တော်ကြီးအား ခရီးဦးကြိုပြု၍ နေရာအပေးမှားခဲ့ပြီဟု သိရှိလေသည်။ အလှူတရားဟော ရေစက်ချပြီး၍ သံဃာတော်များ မကျွှပ်မှ ပြန်ကြွသောအခါ နောက်ဆုံးမှကြွရသည့် ကိုယ်တော်ကြီးအပါးကပ်၍ စိတ်မကောင်းဟန်မျိုးနှင့် ဒါယကာက လျှောက်ထားလိုက်၏။

ရဟန်းစည်းကမ်းနှင့်ပက်သက်၍ ဘာမှ နားလည်ပုံမရသော ကိုယ်တော်ကြီးကလည်း ဒါယကာနှင့် စကားရောဖောရောလုပ်၍ ဖြေ၏။ ကိုယ်တော်ကြီးနှင့် ဒကာတို့၏ အမေးအဖြေကို ကြားရသူများမှာ မပြုံးဘဲ မနေနိုင် ကြတော့ပေ။

"ကိုယ်တော်ကြီးဘုရား၊ စောစောကထိပ်ဆုံးက အမြင့်ဆုံးမှာ ပင့်နေရာချထားပါရက်နဲ့ ဟိုဖက်ထိပ်အနိမ့်ဆုံးအစွန်ကို ဘယ်နှယ့် ဘယ်ပုံ ရောက်သွားရသတုံး ဘုရား"

"ဝါတွဲဗျား-ဝါတွဲ။ အသက်ကတော့ သူတို့သားအဖပေါင်းရင်တောင် ကျုပ်ကိုမမီဘူး"

"ကိုယ်တော်ကြီး ဝါတော်က ဘယ်လောက်ရှိလို့တုံး ဘုရား"

"တစ်လခွဲသာသာ ဒကာ"

"သက်တော်ကကော ဘုရား"

"၆၀-ပြည့်ဖို့ နဲနဲလေးပဲလိုတယ်"

"ဒါဖြင့် စာကကောဘုရား"

"ကကြီးလုံးတင်တာသတ် ကိတ်"

"မှန်ပါ၊ ဒါဆိုတော့လဲ ကိုယ်တော်ကြီးကိစ္စက လက်တန်း ကဗျာတောင်ဖြစ်သွားပြီဘုရား။ အဲ-သက်တော်က ခြောက်ဆယ်၊ ဝါတော်က လခွဲ။ တို့ဘုန်းမော် စာတော် ကိတ်ရယ်။ မှန်းစိတ်နဲ့လွဲ အဲ အဲ---"





လိပ်ထက်မြန်ရမှာ ကြောက်သူ

# လိပ်ထက်မြန်ရမှာ ကြောက်သူ

ပဋ္ဌင်းလူထွက်များတွင် ရှိတတ်သော အကျင့်တစ်ခုမှာ အရာရာ ဣန္ဒြေရရ ဆောင်ရွက်တတ်ခြင်းပင်ဖြစ်၏။

ရဟန်းပဋ္ဌင်းဘဝသည် အရာရာတွင် ဣန္ဒြေသိက္ခာနှင့် ဆောင်ရွက်ခဲ့ရ၏။ ဒါယကာ ဒါယိကာမများရှေ့တွင် ကြည်ညို ဖွယ်ရာ အမူအရာဆောင်နေရသည်။ အလျှုအတန်း အခမ်း အနားများတွင် မဆိုထားဘိ၊ ယုတ်စွအဆုံး ကုဋီအိမ်သာတက် လျှင်ပင် ချောင်းသံပေးပြီးမှ ဝင်ခြင်း၊ အလျင်စလို မဝင်ရခြင်း၊ ခြေနင်းခုံပေါ် ရပ်ပြီးမှ သင်းပိုင်ကိုပင့်ခြင်း၊ ကျဉ်ကြီးပေါက် ကျဉ်ငယ်ပေါက် သီးခြားစီအသုံးပြုရခြင်း စသည်ဖြင့် သိက္ခာပုဒ် များကို လိုက်နာခဲ့ရရာ လူထွက်လာတော့လည်း အကျင့်သာ ပြောင်းသွားသည်။ စိတ်ပိုင်းအကျင့်က ပါနေပြီးဖြစ်၏။

သို့သော်လည်း ထိုအကျင့်သည် နေရာတကာ ပြေး ပြေးလွှားလွှား အခုန်အကျော် အဖြတ်အတောက်များလှသော လူ့လောကနှင့်မူ ဟတ်စပ်ခြင်းမရှိလှပေ။ ရုံးအလုပ်ဌာနတွင် လည်း ဌာနအလျှောက်၊ အရပ်ထဲတွင်လည်း အရပ်ထဲ

အလျှောက် အစီအစဉ်တကျ မဟုတ်သော ကိစ္စများကို အရေး ပေါ်ဆောင်ရွက်ရာတွင် ပဉ္စင်းလူထွက်တို့အား 'နှေးကွေး လေးလံသူများ' ဟု ဘွဲ့ထပ်မံ အပေးခံရတတ်လေသည်။

ဥပမာ-မှတ်တိုင်၌ ဘတ်စကား စောင့်စီးသည့်ကိစ္စမှာ ပင် ပဉ္စင်းလူထွက်နှင့်သူ၏အဖော်တို့ အယူအဆ အပြုအမူ ကွဲလွဲ နေတတ်သည်။ ပဉ္စင်းလူထွက်က ကားကြီးပေါ်တက်လို သည်။ 'ကားကြီးဖြစ်သဖြင့် အန္တရယ်ကင်းကာ မတ်တပ်ရပ်၍ လိုက်ရ သည့်တိုင် ချောင်ချိ၏။ ကားလေးကဲ့သို့ ငုံ့ဝင်တိုးဝင် ရခြင်း၊ ထိုင်ခုံနှင့် ထိုင်ရပါလည်း အဆင်းအတက် ပြုတိုင်း နေရာရွှေ့ ရွှေ့ပေးနေရခြင်း ဒုက္ခမျိုးမရှိ၊ ကားလေးပေါ်တွင် စိတ်ကျဉ်း ကျပ်ရသည့်ဒုက္ခအစား ကားကြီးဖြင့် လိုက်ပါလျှက် ၅-မိနစ် ၁၀-မိနစ် နောက်ကျခံ လိုက်မည်' ဟု ပဉ္စင်းလူထွက်က ကားကြီး ကို ရွေးချယ်စီးလိုခြင်း ဖြစ်သည်။

ပဉ္စင်းလူထွက်၏အဖော်ကမူ ထိုသို့မဟုတ်။ 'ကားလေး သည် ခရီးမြန်မြန်ရောက်၏။ နေရာထိုင်ခင်းရှိဖို့လည်း မခဲယဉ်း လှ။နောက်ခြေနင်းခုံပေါ် တွယ်လိုက်ရသည့်တိုင် တစ်မှတ်တိုင် နှစ်မှတ်တိုင် လွန်လျှင် ကားပေါ်မှဆင်းသူပေါ်ပြီး နေရာအထိုင် ရဖို့ လှုပ်ရှားလိုက်ရုံ ရှိလေသည်။ ကားအန္တရာယ်ဆိုသည်မှာ လည်း သေနေ့မစေ့သေးသမျှ မသေနိုင်။ ခရီးငယ်လေးတစ်ခု

အပေါ်သည်မျှ စီမံကိန်း ရေးဆွဲ စီစဉ်နေစရာမလို’ ဟု သဘောထား လေသည်။

ထိုသို့ ပဋ္ဌင်းလူထွက်နှင့် သူ့အဖော်တို့သည် စိတ်ထားချင်း ကွဲလွဲနေတတ်သဖြင့် အဖော်သည် ပဋ္ဌင်းလူထွက်အား နှေးကွေးလေးလံသူဟု ခရီးအတူမသွားလိုဘဲ ငြင်းဆန်ခြင်း ခံရတတ်လေသည်။ ထိုအဖြစ်မျိုးကို ပဋ္ဌင်းလူထွက်တိုင်း တစ်နည်းမဟုတ်တစ်နည်း တစ်နေရာမဟုတ် တစ်နေရာကြုံရတတ်သည်ချည်းပင်။

ရှေးခတ် ဘုန်းကြီးလူထွက်ကြီး ဦးခင်မောင်သည် လူထွက်ပြီးနောက် ဇာတိရွာ၌ အခြေချနေထိုင်ရင်း မခင်မြနှင့် အိမ်ထောင်ကျ၍ သားသမီးသုံးယောက် ရရှိလေသည်။ ရဟန်းဘဝက ဆည်းပူးခဲ့သော ဗေဒင်လက္ခဏာဂေဿလေး မတောက်တခေါက်မှာလည်း ဝီရိယကိုအားကိုး၍ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ကြရသော ကျေးလက်တောရွာ လူနေမှုတွင် အားမကိုးလောက်၍ လယ်ယာလုပ်ငန်း လုပ်ကိုင်ရင်း ကြာတော့လည်း အထာကျသွားလေသည်။

လူထွက်ဦးခင်မောင်မှာ ရဟန်းဘဝကတည်းက ဉာဏ်က ခပ်လေးလေးဖြစ်သည်။ ဉာဏ်လေးသလို လူကလည်းလေးသည်။ သို့သော်လည်း ဝီရိယနှင့် ဖွဲ့ကို လက်လျှော့တတ်သူမဟုတ်သဖြင့် ပထမလက်တန်းအောင်သည့်အထိ ပရိယတ္တိ

စာပေ ဆည်းပူးခဲ့သည်။ ဦးခင်မောင်၏ မိန်းမဖြစ်သူ မခင်မြမှာ ဉာဏ်ပါးသူ ဝီရိယကောင်းသူ လျင်မြန်ဖြတ်လတ်သူ ဖြစ်၍ ဦးခင်မောင်နှင့် ရှေ့သွား နောက်လိုက်မညီပဲ ဖြစ်နေ သည်။

မခင်မြက လက်မအားရှိ ဦးခင်မောင်အား 'အစ်ကို ခင်မောင် အဲဒီစပါးတောင်းလေး နောက်ဖေးပို့ပေးစမ်းပါ'ဟု ဖိနပ်ချွတ်တွင် တောင်းကိုချခဲ့၏။ ဦးခင်မောင်မှာ ဖတ်လက်စ စာအုပ်၊ သို့မဟုတ် လုပ်လက်စအလုပ်တစ်ခုကို မဖြတ်နိုင်ဘဲ ရှိ၏။ မခင်မြ ပြန်ရောက်လာပြီး 'အဲဒါတွေကြောင့် ရှင်နဲ့ကျမ မဖြစ်တာ၊ ကဲ-ကျုပ်ပဲ ပို့ပါတော့မယ်'ဟု မြည်တွန်တောက်တီး ကာ စပါးတောင်းကို မခင်မြကိုယ်တိုင်မ၍ နောက်ဖေးသို့ ပို့ဖြစ် သွားလေသည်။ သည်လိုဖြစ်ရပ်မျိုးကား ဦးခင်မောင်အဖို့ ကြာတော့ ရိုးနေပေပြီ။ မခင်မြအဖို့လည်း ဦးခင်မောင်အား စိတ်ပျက်မိခဲ့ပေါင်းလည်း များခဲ့ပြီ။

ယနေ့လည်း လင်မယားနှစ်ယောက် လယ်ထဲမှ ထမ်းစရာ ရွက်စရာများနှင့် အတူပြန်ခဲ့ကြ၏။ လမ်းတစ်ဝက် တွင် မခင်မြက ရှေ့မှ ဘောက်ဘက် ဘောက်ဘက်နှင့် ကျော် တက်သွားသည်။ နေကပူ မောမောနှင့် မခင်မြ အိမ်ရောက်၍ ရေတစ်ခွက်သောက်ပြီး ဖိနပ်ချွတ်အဆင့်တွင် အမောဖြေနေပြီ။

ဦးခင်မောင်က ပုခုံးပေါ် တောင်းတစ်တောင်းနှင့် ယခုမှ ခြံဝင်းထဲသို့ အေးအေးလေးလေးကြီး ဝင်လာသည်။

မခင်မြက ဦးခင်မောင်ကိုကြည့်၍ စိတ်မသက်သာ။ ဖြစ်နိုင်လျှင် ဦးခင်မောင် ပခုံးပေါ်ကတောင်းကို ပြေးယူပစ်လိုက်ချင်၏။ ဦးခင်မောင်ကား နေခြစ်ခြစ်တောက် ပူနေသည်ကိုပင် ဂရုမစိုက်။ စိတ်မရှည် အားမလိုအားမရဖြစ်ကာ မခင်မြနှုတ်မှ အသံကျယ်ကျယ်နှင့် ထွက်လာသည်။

"ကဲ-တော်ရေ ဖြေးဖြေးလျှောက် ဖြေးဖြေးလျှောက်"

ဦးခင်မောင်ကလည်း မခင်မြအသံ ကြားသဖြင့် လျှောက်နေသည့် ခြေလှမ်းကိုပင် နှေးပစ်လေသည်။ မခင်မြအား အရွဲ့တိုက်စကားမျိုး တစ်ခါမျှ ပြန်မပြောတတ်သဖြင့် ဦးခင်မောင် ရွဲ့ခြင်းလည်း မဖြစ်နိုင်ပေ။ ထိုထက် ဦးခင်မောင်က မခင်မြအား စကားတုံ့ပြန်ပုံကလည်း ဤသို့ဖြစ်၏။

"အေး စိတ်ချ စိတ်ချ။ ခုလှမ်းနေတဲ့ ခြေလှမ်းနှုန်းနဲ့ဆို အတော်ပဲလား"

မခင်မြအဖို့ရာကား ဦးခင်မောင်အပေါ် နဂိုလေးစားရင်းစိတ်က ရှိနေ၍သာ စိတ်ကို ချုပ်တည်းထားရ၏။ နေပူထဲတွင် ဦးခင်မောင်အား ပြေးဆွဲခေါ်ချင်စိတ်ပင် ပေါက်သွားလေ

သည်။ မိန်းမပီပီ နှုတ်နှင့်ကတော့ လှမ်း၍ ငေါ့ဖြစ်အောင်ငေါ့ ပါလေသည်။

"ဟုတ်တယ် ဟုတ်တယ်။ ဒီထက်မမြန်စေနဲ့။ ဖြစ်နိုင်ရင် လိပ်ထက်မသာစေနဲ့"

အိမ်တွင် ညှော့သည်မရှိကြ၍ ဦးခင်မောင်တို့ လင် မယား အချီအချစကားကို မသိလိုက်ကြ။ သို့သော်လည်း ခြေရင်းအိမ်မှ ခြံတန်းတွင် အဝတ်လာလှမ်းသူက ကြားလိုက် သဖြင့် ဦးခင်မောင်တို့လင်မယား အကြောင်းသည် ထိုရွာတွင် ရယ်စရာ ပုံပြင်တစ်ခုအဖြစ် ပျံ့နှံ့ကျန်ရှိခဲ့လေတည်း။

----------



# ဒူလာဝမ်းရှက်

ကိုရင်ပိန်ပိန်များ ကုဋ္ဌိခဏာခဏာတက်လျှင် 'ကိုရင်လေး ပိန်ပိန် ယိုအိမ်သာတက် ဒူလာဝင်းခပ်သက်သက် ချေးက တစက်စက်' ဟု ဦးပဉ္စင်းများနှင့် ကိုရင်ကြီးများက စကြနောက်ကြ၏။

ရဟန်းသာမဏေများမှာ ပရိယတ္တိ (သင်အံလေ့ကျက်မှု) ပဋိပတ္တိ (ကျင့်ကြံမှု) ခေါ်ဆိုသည့် ဓုရနှစ်ပါး တာဝန်သာရှိလေသည်။ ကိုယ်လက်ကျန်းမာရေးအတွက် အားကစားလှုပ်ရှားမှုမျိုး မရှိကြသဖြင့် ညောင်းညာကိုက်ခဲခြင်း ဒူလာရောဂါ စွဲကပ်တတ်၏။ ကိုရင်ငယ်ငယ် ဘဝတွင် ဒူလာရောဂါဟူ၍မရှိ မသိသော်လည်း ရဟန်းပဉ္စင်းများတွင် အများအားဖြင့် စွဲကပ်တတ်သော ရောဂါတစ်ခု ဖြစ်၏။ ကပ္ပိယကျောင်းသား ကိုရင်များ၏ အနင်းအနှိပ် အကျိတ်ခံနိုင်သော ရဟန်းပဉ္စင်းများမှာ ဒူလာရောဂါအခံကြောင့် ဖြစ်ပေ၏။

ဒူလာရောဂါကလည်း ဆိုးတော့ အဆိုးသားပင်။ ကိုယ်လက်အကြောအချဉ်များ တုံ့ဆိုင်းမှုနှင့် ဆက်နွယ်ပြီး

ဝမ်းချုပ်ခြင်းမှ လိပ်ခေါင်းရောဂါအထိ ဖြစ်တတ်သလို တစ်ခါ တစ်ရံမူ ဝမ်းမချုပ်ဘဲ ဝမ်းပျက်ခြင်းလည်း ဖြစ်တတ်ပေ၏။ ဒူလာရောဂါကြောင့် ဝမ်းသက်ခြင်းကို 'ဒူလာဝမ်း ခပ်သက် သက် ချေးကတစက်စက်' ဟု ပြောဆိုကြခြင်း ဖြစ်ပါသည်။

ဒူလာဝမ်းသက်၍ဖြစ်စေ၊ မိုးရာသီ ဝမ်းဖောဝမ်းရောင် ရောဂါကြောင့်ဖြစ်စေ စားသမျှ အစားအစာကို အစာအိမ်က မချက်ဘဲ အရေဝမ်းများ တဗျစ်ဗျစ်ဖြစ်နေပြီဆိုလျှင် လူကြား တွင် အလွန်ပင် ဣန္ဒြေပျက်လှသည်။

လေနှင့်ဝမ်း မကွဲတတ်ဘဲရှိသော ကာလဖြစ်၏။ လေ လည်မည်ဟု ဖင်ကြွ၍ ဥစ္စာရမဂ်နှင့်ဆိုင်သည့် ကြွက်သားများ ကို လျှော့ပေးလိုက်၏။ ဥစ္စာရမဂ်မှ ထွက်လာသည်မှာ လေဆိုး မဟုတ်ဘဲ အရေဝမ်းဖြစ်နေသည်ကို ပူခနဲ ခံစားလိုက်ရမှ သိရှိတတ်လေသည်။ ဥစ္စာရမဂ်မှ လေဆိုးထွက်ချင်နေပါလျက် ဝမ်းများဖြစ်နေမလားဟု စိတ်က မချနိုင်ဘဲ ရေအိမ်ကုဋီသို့ သွားထိုင်ရာ လေလည်၍ ပြန်လာရတတ်သည်လည်း အကြိမ် အကြိမ် ဖြစ်၍နေ၏။

ဒူလာဝမ်းရောဂါ၊ဝမ်းသက်ရောဂါ ၏ အခက်အခဲကို ပေါ့ပေါ့လွယ်လွယ် သဘောထားမိခဲ့သော ကိုရင်ကြီးတစ်ပါး၏

အဖြစ်အပျက်ဆိုလျှင် စာသင်သားလောက ရယ်ပွဲဖွဲ့၍ မဆုံးတော့ပေ။

တစ်ခါက ကိုရင်ကြီးတစ်ပါးသည် ဒူလာဝမ်းရောဂါ သက်လျက်ရှိသည်။ ဆွမ်းခံရဟန်း သာမဏေများသည် နေ့စဉ် အမြဲ လောင်းလှူနေကျ ဆွမ်းဒါယကာ ဒါယိကာမများအား ငဲ့ကွက်ပြီး ဖြစ်နိုင်လျှင် ဆွမ်းခံဝတ်ကို မပျက်ချင်ကြ။ ထိုနေ့က ကိုရင်ကြီးသည် ဒူလာဝမ်းသက်ရောဂါဖြစ်နေပါလျက် တုံးလုံးနာမဟုတ်ဟု သဘောပိုက်လျက် ဆွမ်းခံထွက်ခဲ့သည်။

ကိုယ်ကကျူးလျှင် ကိုယ့်ဒူးဆိုသည်ကိုဖယ်ထား ကိုယ့်ဖင်ကိုပင် စိတ်မချရပါဘဲလျက် ဆွမ်းခံထွက်ခဲ့သော ကိုရင်ကြီးမှာ ဆွမ်းခံလမ်းမှာပင် ပြဿနာပေါ်တော့၏။ ကုဋ္ဌိတက်ချင်စိတ်ကို မျိုသိပ်ကာ တစ်အိမ်တက်ဆင်း ဆွမ်းခံကြွရင်းမှ ဆွမ်းခံအိမ်တစ်အိမ်အရောက်တွင် မထိန်းနိုင်အောင် အခြေအနေဆိုးလာ တော့သည်။ တရင်းတနှီး ပေါင်းထားသော အိမ်ဟူ၍ တစ်အိမ်မှ မရှိသဖြင့် လွယ်မထားနိုင်သော ကိစ္စကို အကူအညီတောင်းရန်လည်း ရှက်နေ၏။ မတတ်နိုင်တော့သည့်အဆုံး ဆွမ်းခံရပ် ၍ နောက်ကြောင်းပြန်လှည့်ခဲ့၏။

ကိုယ့်ပစ္စည်း ကိုယ်မပိုင်ပြီဆိုခါမှ ပိုဆိုးနေတော့၏။ နောက်ကြောင်းပြန်လှည့်ခါရှိသေး။ ဝမ်းရေများက စအိုအ

ပြင်သို့ ဗျစ်ခနဲ ဗျစ်ခနဲ ထွက်ကျလာသည်။ ဆိုက်ကားတွေ့၍လည်း ခေါ်မစီးရဲ။ ဆိုက်ကားစီးလျှင် ကျောင်းသို့ အမြန်ပြန်ရောက်နိုင်သော်လည်း ဆိုက်ကားပေါ်တွင် ငြိမ်လိုက်လျှင် ပိုဆိုးနိုင်သည်။ လမ်းလျှောက်လှုပ်ရှားနေခြင်းက ဝါယောဓာတ်ကို အထိန်းတစ်မျိုးရရှိနိုင်မည်ဟု သဘောရကာ ခပ်သုတ်သုတ် လျှောက်နေခဲ့သည်။

"ရပ်တော်မူပါဦး ဘုရား"

အိမ်တစ်အိမ်ရှေ့ အရောက်တွင် ဆွမ်းအုပ်ကို ပွေ့ပိုက်၍ ခြံပြင်ထွက်လာသော ဒါယိကာမကြီးတစ်ဦးက ဆီး၍တားသည်။ သွားပြီ၊ ကိုရင်ကြီး ရပ်လိုက်ရတော့၏။

ဆွမ်းဒါယိကာမကြီးသည် ဆွမ်းဘောဇဉ်လောင်းသည်။ သပိတ်အတွင်းမှ ဆွမ်းဟင်းခွက်ကိုယူ၍ ဟင်းများလောင်းအပြီး ကိုရင်ကြီးအား ခြေစုံအနီးတွင် ထိုင်၍ဝပ်ချသည်။

ကိုရင်ကြီးမှာ ဒါယိကာမကြီးအား စိတ်တွင်းမှ ဆုပေးချိန်မရ။ ဒါယကာမကြီး ဦးချလို့မှ မပြီးသေး။ ကြွရန် ခြေလှမ်းနှင့်ပြီ။

"မှန်ပါ၊ ခေတ္တရပ်ပါဦးဘုရား"

အခြားဒါယိကာမကြီး မဟုတ်။ ဆွမ်းလောင်းပြီး၍ ဝပ်ချသော ဒါယိကာမကြီးကပင် တားခြင်းဖြစ်၏။

ဒါယိကာမကြီးသည် ခြံတွင်းရေကန်မှ အဆင်သင့်ရှိနေသော ရေဖလားဖြင့် ရေခပ်လာသည်။ ပြီးတော့ ကိုရင်ကြီး၏ ခြေဖမိုးပြင်ကို ရေဖြင့်လောင်း၍ လက်ဖြင့် ပွတ်သတ်ချသည်။

"ဖိနပ်မစီးရတော့ အညစ်အကြေးတွေ ဘယ်နားမှာ နင်းမိခဲ့ပြီလဲ မသိဘူး ဘုရား"

ထိုအခါကျမှ ကိုရင်ကြီးသည် မိမိအဖြစ် အတော်ဆိုးနေပြီကို သတိပြုမိတော့၏။ ထိန်းသိမ်း၍ မရသော ဝမ်းရေအချို့သည် မိမိ၏ ပေါင်တလျှောက် ခြေသလုံးတစ်လျှောက် စီး၍ကျပြီး ခြေဖမိုးသို့တိုင် ရောက်ရှိနေသည်ကို ဆွမ်းဒါယိကာမကြီးမြင်ပြီး ရေဖြင့် သန့်ရှင်းပေးနေခြင်းဖြစ်ပါသည်။ ကြောက်စိတ် ရှက်စိတ်တို့ ရောထွေးနေသဖြင့် ကိုယ်တွင် ဇောချွေးပြန်ရင်းက ကြက်သီးများပါ ထနေတော့သည်။ ရပ်၍နေရသဖြင့် ဝမ်းကို ထိန်းရသည်ကလည်း ပိုမလွယ်ကူပေ။

"သြော်-အရှင်ဘုရားဟာက အောက်တော်ကမှတ်နေတာ၊ အထက်တော်ကကိုး။ အန္တရာယ် မလွယ်နိုင်တာဘိရှက်စရာလဲ ဘုရား။ အိမ်ထဲကြွပါဘုရား။ ကုဋီအိမ်သာလှူပါတယ်။ အားမနာပါနဲ့ဘုရား။ အိုး--- အိုး"

ဒါယိကာမကြီး လျှောက်ထားသည့် စကားများကို ကိုရင်ကြီး အစအဆုံး မကြားနိုင်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် လေ၏လျှင်မြန်နှုန်းဖြင့် သုတ်ချေတင်သွားသော ကိုရင်ကြီးက ဝေးသထက် ဝေးသွားပြီဖြစ်သောကြောင့်ပင် ဖြစ်တော့၏။

ထိုအချိန်မှစ၍ ထိုအရပ်ထိုလမ်းသို့ ရှောင်ကွင်းကာ ဆွမ်းခံကြွနေရသော ကိုရင်ကြီး၏ဒုက္ခကို ကိုရင်ကြီးသာ သိရှိလေ၏။ ဆွမ်းဒါယိကာမကြီးသည်လည်း မှတ်မိမည် မဟုတ်ပါဘဲ ရှက်တတ်သော ကိုရင်ကြီးသာလျှင် ဒူလာ ဝမ်းသက်ရောဂါပါ မက 'ဒူလာဝမ်းရှက်' ရောဂါပါ ထပ်တိုး နေခဲ့လေသတည်း။





ကိုမျက်ခမ်းနှင့် ကိုဝဲကျော်

# ကိုမျက်ခမ်းနှင့် ကိုဝဲကျော်

ကိုမျက်ခမ်းနှင့်ကိုဝဲကျော် သူဖုန်းစား၊ နှစ်ဦးတို့သည် ဘုန်းကြီးကျောင်းတွင် အလှူအတန်းရှိတိုင်း အမြဲဆုံမိကြရင်း ရင်းနှီးကြလေ၏။

သူတို့နှစ်ဦးစလုံး နာမည်ရင်းများ မဟုတ်ကြ။ ကိုမျက်ခမ်းမှာ အညာရပ်ဒေသ မျက်ခမ်းစပ်ရောဂါ ရထားသူ ဖြစ်၍ 'ကိုမျက်ခမ်း' ဟု အလွယ်တကူ ခေါ်ကြခြင်းဖြစ်သည်။ ကိုဝဲကျော်ကား လက်ခွ၊ ခြေခွနှင့် ပေါင်ခြံတို့တွင် အမြဲမပြတ်ဝဲစွဲ နေသူဖြစ်၍ ကိုဝဲကျော်ဟု နာမည်ပြောင်ရခြင်းဖြစ်သည်။ သူတို့ နှစ်ဦးကြည့်လိုက်လျှင် ကိုမျက်ခမ်းက သူ့မျက်ခမ်းပေါ် လာနားသည့် ယင်ကောင်များကို အမြဲမောင်းနေရသကဲ့သို့ ကိုဝဲကျော် မှာလည်း တစ်နေရာမဟုတ် တစ်နေရာ အမြဲဝဲကုတ်နေတတ် လေသည်။

တစ်နေ့တွင် ဘုန်းတော်ကြီးကျောင်း၌ အလှူရှိရာ ဆွမ်းစားတုံးမောင်းခေါက်သံကြား၍ မကြာမီပင် ထုံးစံအတိုင်း ကိုမျက်ခမ်းနှင့် ကိုဝဲကျော်တို့ နှစ်ဦးတွဲ၍ ဆွမ်းစားကျောင်းအနီး

သို့ ရောက်ရှိလာကြသည်။ ထုံးစံအတိုင်းပင် ၄င်းတို့နှစ်ဦး နေရာယူပြီးသော် ကိုမျက်ခမ်းက ယင်မောင်းလျက်၊ ကိုဝဲကျော်က ဝဲကုတ်လျက်။ ထုံးစံအတိုင်း တစ်ဦးကို တစ်ဦး စကားဖြင့် စကြနောက်ကြလျက်။

"ဟေ့လူ ခင်ဗျားဥစ္စာဗျာ။ ယင်ပဲမောင်းနေတာပဲက လား"

"အောင်မယ် ခင်ဗျားကတော့ရော အလကားနေရင်း ဝဲပဲကုတ်နေရသလား"

ကိုမျက်ခမ်းနှင့် ကိုဝဲကျော်တို့သည် ဘုန်းတော်ကြီးများ ဆွမ်းစားပြီးလျှင် စွန့်ကြဲမည့် ဆွမ်းကျန်ဟင်းကျန် စောင့်ရင်း အချိန်ဖြုန်းရင်း စကားဖြင့် ငြင်းခုန်ကြရာမှ နောက်ဆုံးတွင် သူတို့နှစ်ဦးအဖို့ အခက်ခဲဆုံးအရာအတွက် အလောင်းအစား ပြုကြလေ၏။

ကိုမျက်ခမ်း၏ အခက်ခဲဆုံးအရာမှာ သူ၏ မျက်ခမ်းစပ်အနာပေါ်သို့ လာနားသည့် ယင်ကောင်ကို မမောင်းပဲ မနေနိုင်ခြင်းဖြစ်၏။ ကိုဝဲကျော်၏ အခက်ဆုံးအရာသည်လည်း သူကိုယ့်ပေါ်မှ ဝဲယားနာကို မကုတ်ပဲ မနေနိုင်ခြင်းဖြစ်လေသည်။ သူတို့နှစ်ဦးအဖို့ အခက်ခဲဆုံးအရာများကို မပြုလုပ်ဘဲ သည်းခံ စောင့်စားနိုင်သူအား မအောင့်နိုင်သူက ဆေးလိပ်ဝယ် တိုက် ကြေးဖြစ်၏။

သူတို့နှစ်ဦး ဟိုပြောဒီပြောနှင့် အချိန် ၁၅-မိနစ်ခန့် အထိ နှစ်ဦးစလုံး မိမိတို့၏ အခက်အခဲကို အောင့်ထားနိုင်သေး၏။ သို့သော် ၁၅-မိနစ်ကျော်၍ မိနစ် ၂၀-ရောက်သောအခါမှ မျက်ခမ်းစပ်သမားကလည်း မျက်ခမ်းပေါ် လာနားနားနေသော ယင်ကောင်အား စိတ်မရှည်တော့။ မျက်တောင်ကို ပုတ်ခတ်၍ ခြောက်ခြောက်လွှတ်နေသည့်ကြားမှ ယင်ကောင်သည် အနီးတွင် ပတ်၍လာလာနားနေသည်။ ဝဲနာသမားကလည်း ဝဲယား ကို ကုတ်မိတော့မည်ကဲ့သို့ အကြိမ်ကြိမ် ဖြစ်မိပြီး မနည်း အောင့်ထားရ၏။ အထူးသဖြင့် လက်ကောက်ဝတ်မှ ဝဲမှာ မကုတ်ပါဘူးဆိုခါမှ ပိုယားယံလျက်ရှိနေသည်။

ပထမဆုံးအကြံရသူကား မျက်ခမ်းစပ်သမား ကိုမျက်ခမ်း ဖြစ်၏။

"ဟိုအမှိုက်ခြင်းထဲမှာ ဖျောက်ဖရုံသီးခွံတွေ တွေ့ရတာထောက်ရင် ကျောက်ဖရုံသီး ချဉ်ရေနဲ့ စားရမှာတော့ သေချာပြီဗျ။ အောင်မယ် ပြောရဦးမယ်။ တောက ကျွန်တော့ဘကြီး ကျောက်ဖရုံသီး စိုက်တာဗျာ။ သီးလာတဲ့ ကျောက်ဖရုံသီး ပြောရင် ယုံပါ့မလား မသိဘူး။ ဟောဒီလောက်ကြီးဗျာ။ ဟောဒီလောက်ကိုကြီးတာများ လွန်ရော"

ကိုမျက်ခမ်းသည် လက်နှစ်ဖက်ကို လက်ဖျားထိပ်ချင်းဆက်ဝိုင်း၍ သူ့မျက်နှာရှေ့၌ ၃-၄ ကြိမ် လုပ်ပြလေရာ မျက်ခမ်း

အနာသို့ လာနားသော ယင်ကောင်သည် ထွက်ပြေးပျံသွားလေ၏။

ဝဲယားနာသသမား ကိုဝဲကျော်ကလည်း ကိုမျက်ခမ်း၏ အကြံကို ရိပ်မိ၏။ သူလည်း အကြံထုတ်၏။

"ဟာ ခင်ဗျားပြောမှ သတိရတယ်။ ခင်ဗျားဘကြီးရဲ့ ကျောက်ဖရုံသီးက ဘာဟုတ်သေးလဲ။ ကျုပ်ဦးကြီးစိုက်တဲ့ ရုံးပတီသီးများဗျာ အရှည်က ဟောဒီ တစ်တောင်တိတိရှိတယ်။ ရုံးပတီသီးပေါ်က အမွေးတွေကို ဟောဒီလို သတ်လိုက်ရင် သတ်လို့ကောင်းသနဲ့။ သိပ်အရသာရှိတာပဲ"

ကိုဝဲကျော်သည် ဝဲဖက်လက်မောင်းကို ထောင်၍ လက်ျာလက်က လက်ခုံမှစ၍ ချိုင်းအောက် ဆွဲသတ်ပြသည်။ လက်ခုံနှင့် လက်ကောက်ဝတ်မှ ဝဲယားနာကိုလည်း ကုတ်ပြီးသား ဖြစ်သွားသည်။

ကိုမျက်ခမ်းကလည်း ကိုဝဲကျော်၏ အကြံကို ရိပ်မိပြီး ဝင်ပြောသည်။

"ဟုတ်လား - ရုံးပတီသီးအမွေးသတ်ရတာ ဝဲကုတ်ရသလောက် ဇိမ်မရှိဘူးလား ဟဲဟဲ"

ဤသို့နှင့် သူတို့နှစ်ဦး၏ လောင်းတမ်းမှာ သရေနှင့် ပျက်ပျယ်သွားကြပြီး နှစ်ဦးသား သဘောတကျ ရယ်မောကြ

လေ၏။ ရယ်သည်ဆိုသော်လည်း ခွက်ထိုးခွက်လန်မူ မရယ်ရဲ။ ဘုန်းကြီးကျောင်းကပွဲယကြီးက အမြင်ကပ်ပြီး မောင်းထုတ်ခံထိမှာ စိုးရ၏။

အနေတော်ပင်။ ကပွဲယကြီးထွက်လာပြီး ကျွတ်ကျွတ်အိတ်နှစ်လုံးဖြင့် ထည့်ထားသော ဆွမ်းကျန်ဟင်းကျန် နှစ်ထုပ်လာပေးသဖြင့် နှစ်ယောက်သား ကိုယ့်အထုပ် ကိုယ်ပွေ့ပိုက်လျက် ကျောင်းထဲမှ ထွက်ခဲ့ကြလေ၏။

--------



# သျှောင်တစ်ထုံး အဆုံးခံသက်သေ

လူ့လောကတွင် အိမ်ထောင်သားမွေးမှု မျိုးဆက်တာဝန်ကို ကျေပွန်ခဲ့ကြသော မောင်နှံစုံတို့ကြောင့် လူ့လောကကြီး စဉ်ဆက်မပြတ် စည်ပင်လျက်ရှိသည်ကို တွေးကာ ကျေးဇူးတင်ကောင်းမှ တင်မိကြပေမည်။ သို့သော်လည်း မျိုးဆက်တာဝန်နောက်ကွယ်မှ ဃရာဝါသ သမ္ဗန္ဓနှင့် ကိစ္စများမြောင် လူတို့ဘောင်၏ ရတာမလို လိုတာမရ ဆင်းရဲဒုက္ခအဝဝတို့ကိုကား လူတိုင်းလောက်ပင် တစ်နည်းမဟုတ်တစ်နည်း ရင်းနှီးခံယူကြရပေ၏။

ချစ်ခြင်းမေတ္တာ ပေါင်းဆုံမိသည့် အိမ်ထောင်မှုဆိုသည်ကလည်း အခက်သား။ သတ္တဝါတစ်ဦး၏ ဘဝကို ရရှိပြီးနောက် ထိုဘဝအပေါ် တွယ်တာမြတ်နိုးမှုနှင့်အမျှ ဘဝ၏ ပြည့်စုံမှု တစ်ခုဖြစ်သော ချစ်ခြင်းမေတ္တာသည်လည်း ရင်ထဲမှတစ်ဆင့် လိုအပ်မှုအရ ပေါက်ပွားလာခဲ့ပြန်၏။ တစ်မိသားစုနှင့်တစ်မိသားစု သွေးသားမစပ်ဘဲသည်းစိမ်ဥစ္စာ ဘဝလုံးပုံ၍ တစ်ဦးကို တစ်ဦး အပ်နှင်းခဲ့ကြ၏။ ချစ်ခြင်းမေတ္တာဖြတ်

တောက်၍ သံယောဇဉ်ကုန်ခန်းကြပြီဆိုသော အခါတွင်လည်း အံ့သြစရာကောင်းလောက်အောင် ကွာလှမ်းကုန်ကြပြန်လေ၏။ ထိုအခါ မုန်းတီးခြင်း၊ နာကျည်းခြင်းတို့သည် ထိုသူ့ဘဝအတွက် သန့်စင်မှု ချွတ်ယွင်းခဲ့ရပြီး ကိုယ့်လိပ်ပြာ ကိုယ်မသန့်အောင်ပင် ဖြစ်ရတတ်ပေ၏။ ကန္တာရခရီးရှည်အတွင်း လှည်းဝင်ရိုးကျိုးခဲ့ရာ အဟောင်းကို စွန့်ပစ်၍ လှည်းဝင်ရိုးအသစ်ဖြင့် အစားထိုး ခရီးဆက်ခြင်းကို မဖြစ်မနေ ပြုကြရလေ၏။

နေ့စဉ်သတင်းစာတွင် လက်ထပ်မင်္ဂလာသတင်းများသာ ကောင်းသတင်းဖြစ်၍ နေ့စဉ်ပါရှိနေသော်လည်း ကွာရှင်းပြတ်စဲခြင်း သတင်းမှာမူ ကောင်းသတင်းမဟုတ်၍ နေ့စဉ် မပါနိုင်ပေ။ သို့သော်လည်း ကွာရှင်းပြတ်စဲမှုများသည် တရားရုံးတွင် နေ့စဉ်လိုပင် ရှိနေပေ၏။ အတော်များများမှာ မိမိသဘောနှင့် သရက်စေ့ ထက်ခြမ်းခွဲဖြင့် ကိစ္စပြီးပြတ်ကြသဖြင့်လည်းကောင်း၊ ရပ်ရွာလူကြီး စုံရာရှေ့မှောက်တွင် ပြီးပြေကြသဖြင့်လည်းကောင်း တရားရုံးသို့ မရောက်ခဲ့ကြပေ။

ချစ်ခြင်းမေတ္တာ လျှို့ဝှက်မှု၌ လူသားတို့၏ မာယာကလည်း ခက်ပါလှ၏။ တရားရုံး အများရှေ့မှောက်တွင် အရှက်ကုန်အောင် ပြတ်စဲပြီးမှ သုံးလေးရက်ခန့်အကြာတွင် တရားသူကြီးမင်းနှင့် ရပ်ရွာလူကြီးမင်းများပင် မျက်စေ့လည်သွားအောင်

သူ့ဘာသာ ပြန်ပေါင်းထုတ်သွားသည့် စုံတွဲတွေလည်း မနည်းပေ။ တစ်ချို့စုံတွဲများလည်း သာမာန်အကြောင်းမျှနှင့် မကွဲကွာတန်လောက်ဟု လူကြီးများက တရားဝင် ပြတ်စဲမပေးကြဘဲ သုံးရက်ခန့် တစ်ပတ်ခန့် စဉ်းစားခိုင်းပြီး အချိန်ဆွဲထားရာ 'လူကြီးတွေ ပြတ်စဲမပေးလဲ ကိုယ့်ဘာသာ ပြတ်စဲတယ်ကွာ' ဆိုပြီး အိမ်က ဆင်း၍ ကွဲကွဲပြတ်စဲ သွားကြသည်မှာ သေသည်အထိ ကြေးရွှေဂဟေ မစပ်လေတော့သည်များလည်း အနမတဂ္ဂပင်။

တစ်ခါတစ်ခါတော့လည်း တရားရုံးတွင် အိမ်ထောင်ဖက် ပြတ်စဲကွဲကွာခြင်း ကိစ္စများသည် လူမှုအရေးအရာ ရှုပ်ထွေးပွေလီ သကဲ့သို့ စိတ်ဝင်စားစရာ ရယ်ပြုံးစရာများလည်း ပါရှိတတ်လေ ၏။

ယောကျ်ားသားနှင့် မိန်းမသားတို့သည် မြန်မာ့လူ့ဘောင် လူမှုအသိုင်းအဝိုင်းတွင် မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ မိန်းကလေးတို့ဖက်အား ခပ်ဖိဖိထားရသည်မှာ မြန်မာအမျိုးသမီးတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစေရန် ရည်ရွယ်ချက်ဖြင့် အားနွဲ့သူများ ဒုက္ခမပွားစေရန် ပြဋ္ဌာန်းထားရခြင်းဖြစ်ပါ၏။

ကိုမြင့်မောင်နှင့် မတင်ဥတို့ ဇနီးမောင်နှံသည် သားသမီးနှစ်ယောက်ရရှိပြီးသော်လည်း သားသမီးနှစ်ဦးစလုံး

အဖမ်းမတင်ခဲ့။ အိမ်ထောင်သက် ၁၂-နှစ်ရှိခါမှ ကွဲကွာကြဖို့ ရန်အကြောင်း ပေါ်ပေါက်လာလေသည်။

ကိုမြင့်မောင်သည် အသက်၄၀-နီးပါး အရွယ်ကျခါမှ မယားငယ်ထားလာသည်။ မတင်ဥမှာ မိန်းမသားဖြစ်သည့် အလျောက် ကိုမြင့်မောင်၏ လှည့်စားမှုကို မဖော်ထုတ်နိုင်ဘဲ စိတ်ဆင်းရဲလျက်ရှိရ၏။ နောက်ဆုံးတွင် မတင်ဥမှာ စိတ်ကုန်ခန်းလာသဖြင့် ကိုမြင့်မောင်နှင့်ကွဲကွဲပေးရန် တရားရုံးသို့ ဦးတိုက်လျှောက်ထားလာခြင်းဖြစ်သည်။ နှစ်ဦးပိုင် ပစ္စည်းများကို ရုံးတော်၏ ဆုံးဖြတ်ချက်အရ နှစ်ဦးအမျှ ခွဲဝေခြင်းကိုလည်း လက်ခံမည် ဖြစ်ကြောင်း ရုံးတော်သို့ လျှောက်ရာတွင် မတင်ဥဖက်မှ ဖော်ပြထား၏။ သို့သော်လည်း မောင်မင်းကြီးသား ကိုမြင့်မောင်က ပစ္စည်း ပစ္စယများကို တစ်ဦးတည်း အပိုင်စီးလိုမှု အမြော်အမြင်ဖြင့် ကွာမပေးဘဲ ရှိလေသည်။

မြန်မာ့ ဓလေ့ထုံးတမ်းအရ တစ်ယောက်တည်းက ကွဲကွာချင်နေရုံဖြင့် အကြောင်းမခိုင်လုံပါက ကွဲကွာပေးခွင့် မရှိပေ။ မတင်ဥမှာကလည်း ကိုမြင့်မောင်အပေါ် လုံးဝစိတ်ကုန်နေပြီး ကိုမြင့်မောင်၏ လင့်ဝတ္တရား မကျေပွန်မှု အမြောင် မယားထားမှုကို သက်သေမပြနိုင်ဘဲရှိသည်။

မတင်ဥ၏ ရှေ့နေဖြစ်သော ဦးဝင်းမြင့်သည် လင်မယားမကွဲရအောင် မတင်ဥအား အမျိုးမျိုး နားချလျက် မေးကြည့်ပြီးဖြစ်၍ ကိုမြင့်မောင်အပေါ် တကယ်စိတ်ကုန်နေမှန်း သိထားပြီးဖြစ်သည်။ ခက်သည်က ကွဲကွာလိုသည့် အကြောင်းကို တစ်စုံတစ်ရာခိုင်လုံသည့် သက်သေမပြနိုင်ဘဲ ရှိနေသည်။

တစ်နေ့သော ရုံးချိန်ရက်တွင် တရားရုံးပေါ်သို့ သီလရှင်တစ်ပါးတက်လာပြီး တရားရင်ဆိုင်လာသဖြင့် ရှေ့နေရှေ့ရပ်များရော တရားသူကြီးမင်းပါ အံ့သြကြရလေ၏။ သီလရှင်မှာ အခြားသူမဟုတ်၊ မတင်ဥတဖြစ်လဲ သီလရှင်ဆရာလေး ဒေါ်တရုဏာစာရီဖြစ်သည်။

မတင်ဥ၏ တရားလို ရှေ့နေဦးဝင်းမြင့်သည် မတင်ဥ သီလရှင် ဝတ်မှန်းမသိဘဲ အမှုအတွက်လျှောက်လဲရန် သက်သေ အသစ်တစ်ခု ထုတ်ပြနိုင်ဖို့ အကြံအိုက်လျက်ရှိသည်။ ရုံးချိန်းရက်နီး၍ မတင်ဥထံ ဆက်သွယ်အကြောင်းကြားတော့မှ မတင်ဥ သီလရှင်ဝတ်နေမှန်းသိပြီး ပျော်ရွှင်သွားလေသည်။ ဤတွင် မတင်ဥအား သီလရှင်ဝတ်နေသဖြင့် ရုံးချိန်းရက် မရွှေ့ရန်နှင့် သီလရှင်ဝတ်နှင့် တရားရုံးသို့ လာတွေ့ပေးပါရန် မှာကြားလိုက်ရခြင်း ဖြစ်လေသည်။

တရားသူကြီးရှေ့မှောက်တွင် အမှုကိုလျှောက်လဲရာ၌ တရားလို ရှေ့နေက တရားလိုသည် လင်သားအပေါ် စိတ်ကုန်ခန်းလွန်း နေသည်မှာ မှန်ကန်ပါကြောင်း၊ မြန်မာ မိန်းကလေးတစ်ဦးအဖို့ တန်ဖိုးအထားဆုံးဖြစ်သည့် ရောင်တစ်ထုံးကို အဆုံးရှုံးခံ၍ စိတ်ကိုဖြေနိုင်အောင် အမြဲနေ သီလရှင်ပင် ဝတ်သွားပြီဖြစ်ပါကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြ လေသည်။ တရားလို ရှေ့နေသည် လတ်တလော ပေါ်ပေါက်လာသည့် ထိုအချက်ကိုပင် အသေကိုင်၍ ရုံးတော်သို့ လျှောက်လဲချက် ပေးလိုက်သည်။

ဦးမြင့်မောင်၏ ရှေ့နေကလည်း အမျိုးမျိုးလျှောက်လဲ၍ ချေဖျက်ရှာ၏။ သို့သော်လည်း နောက်ဆုံးတွင် ရောင်တစ်ထုံးအဆုံးခံခဲ့သော မတင်ဥအား တရားသူကြီးကအစ လာရောက်နားထောင်ကြသော ပရိသတ်ကပါ စာနာစိတ်ဖြစ်ပေါ်ခဲ့ကြပြီး မတင်ဥအလိုကျ လင်မယားကွာရှင်းခွင့်ကို ဆုံးဖြတ် ပေးခဲ့လေ၏။

ထိုနေ့ကမတင်ဥ၏ လင်ယောက်ျားအပေါ် ချစ်ခြင်းမေတ္တာ ကုန်ခန်းပြီး ကွာရှင်းခွင့်ကို ခိုင်လုံသော အကြောင်းပြချက်အဖြစ် ပြသနိုင်ခဲ့သော ထိုအဖြစ်အပျက်သည် ‘သျှောင်တစ်ထုံး အဆုံးခံသက်သေ’ ဟူ၍ တရားရုံးလောက၌ ပြောစမှတ်ဖြစ်၍ ကျန်နေရစ်ခဲ့တော့လေသည်။ ■

# အသားညို နဂိုမည်းမို့

အင်းဝခေတ်က တရားလိုမောင်ဖြူနှင့် တရားပြိုင် မမဲတူတို့ လင်မယား ကွာရှင်းလိုမှု ကိစ္စနှင့် ပတ်သက်၍ ခုံရုံးသို့ ရောက်ရှိကြ၏။ တရားလိုရှေ့နေမှာ မောင်မိုးဖြစ်ပြီး တရားပြိုင်၏ရှေ့နေမှာ ခုံတော် မောင်ကျဘမ်း ဖြစ်လေ၏။

ထုံးစံအတိုင်း တရားလိုရှေ့နေနှင့် တရားပြိုင်ရှေ့နေတို့သည် ခုံသမာဓိတရားသူကြီးရှေ့မှောက်၌ အသီးသီးစွဲချက်တင်ကြသည်။ အဆိုကို အခြေပြု၍ လျှောက်လဲကြသည်။

အမှုသွားအမှုလာအရ အဓိကအကြောင်းမှာ တရားလို မောင်ဖြူက မမဲတူအား မယားအဖြစ်မှ ကွာရှင်းလိုမှု ဖြစ်သည်။ အကြောင်းပြချက်ကား မမဲတူသည် အသားမည်းသဖြင့် မပေါင်းလိုတော့ခြင်းဖြစ်ပါသည်။ ကျောင်းကန်ဘုရား လူကြားသူကြား အတူတူ သွားလာရာတွင် မမဲတူ အသားမည်းလွန်းသဖြင့် အကြိမ်ကြိမ် အရှက်ရခဲ့ကြောင်း အကြောင်းပြသည်။

တရားပြိုင် မမဲတူဖက်မှ မမဲတူသည် အသားမည်းသည်မှာ မှန်ပါသည်။ သို့သော် လင်သားအပေါ် မယားဝတ္တရားငါးပါး ပျက်ယွင်းသူမဟုတ်ပါကြောင်း၊ လင်သားအပေါ် မေတ္တာလည်းပျက်ယွင်းမှု မရှိပါကြောင်း၊ လင်ဖြစ်သူက ပိုင်စိုး ပိုင်နင်း ကွာရှင်းခွင့်တောင်းခံရသော မြန်မာမိန်းကလေးတစ်ဦးအဖို့ အမျိုးဂုဏ်သိက္ခာ ထိခိုက်ပါကြောင်း လျှောက်လဲသည်။

တရားလိုနှင့် တရားပြိုင်တို့ တစ်ဖက်နှင့် တစ်ဖက်အပြိုင်အဆိုင် အခြေအတင် စုံရှင်းပြီးနောက် တရားဆုံးဖြတ်ရန် နောက်ဆုံးအချိန်သို့ ရောက်ရှိလာသည်။ မောင်ဖြူနှင့်မမဲတူတို့ ၏ လင်မယား ကွာရှင်းလိုမှုကို တရားဆုံးဖြတ်တော့မည်ဖြစ်၍ တရားခွင်သို့ လာရောက်နားထောင်ကြသော ပရိသတ်များ လည်း စုံလင်လှ၏။

တရားပြိုင်ရှေ့နေ မောင်မိုးက စတင်သည်။

" ပိတုန်းရောင်မဲ မှင်ထက်မဲသည့် မမဲတူတူ မမဲတူကို ဖြူကွာသင့် မကွာသင့် ထောက်ချင့် စဉ်းစားတော်မူပါ တရားသူကြီးမင်း ခင်ဗျာ"

မောင်မိုး၏လျှောက်လဲချက်ပြီးသောအခါ တရားပြိုင်ရှေ့နေ ခံတော် မောင်ကျဘမ်းအလှည့် ရောက်၏။

"ခုမှ မမဲ ရှေးကမဲသည် မဲမဲတူတူ မမဲတူကို ဖြေ၍ ကွာထိုက် မကွာထိုက် တရားထိုက်ရာ ဆင်ခြင်တော်မူပါ တရားသူကြီးမင်း ခင်ဗျာ"

ခုံသမာဓိ တရားသူကြီးမင်းက တရားလို တရားပြိုင် နှစ်ဦးတို့၏ နောက်ဆုံး အခြေအတင် ကြားနာပြီးသော် တရားဆုံးဖြတ်ချက် အမိန့်ကို ကြေငြာလေသည်။

" မမဲတူ၏ အသားမှာ ခုမှ မဲလာခြင်းမဟုတ်။ မောင်ဖြူနှင့် မယူ မီကပင် မဲနေပါလျက် လက်ထပ်ယူခဲ့သော မောင်ဖြူသည် ယခုမှ အသားမဲသည်ကို အကြောင်းပြ၍ ကွာရှင်းခွင့်တောင်းခံလာသည်မှာ မသင့်လျော်ပေ။ မမဲတူ မယားဝတ္တရားနှင့် အညီအညွှတ် နေသမျှ ဆက်လက် ပေါင်း သင်းနေစေ"

ခုံတော် မောင်ကျဘမ်း၏ တရားနှင့်လျော်ညီ ချေပ ချက်အပေါ် ခုံသမာဓိ တရားသူကြီးက မှန်ကန်စွာ ဆုံဖြတ်ခဲ့ ခြင်းဖြစ်လေသည်။ အမှုကိုလာရောက် နားထောင်ကြသော ပရိသတ် အားလုံးကလည်း နှစ်သက်သဘောကျစွာဖြင့် သောသောရုတ်ရုတ် ဩဘာပေးကြလေသည်။

---------

# မိန်းမရှိသေနည်းတစ်ခု

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ဘုန်းကြီး ရဟန်း မိခင် ဖခင် ဦးကြီး ဦးလေး ဒေါ်ကြီး ဒေါ်လေး စသော လူကြီး မိဘတို့၏ စကားကို နာယူကြရ၏။ လူကြီးမိဘတို့အား သွေ လွန်ပြီး ထော်လော်ကန့်လန့် ပြုလုပ်သူများအား ဘယ်သူကမှ အားပေးသမှု မပြုကြချေ။

ငယ်စဉ်အခါက လူကြီးမိဘများ သွန်သင်ခဲ့သည့် ထို အစဉ်အလာ ဓလေ့ထုံးစံအတိုင်း နေလာကြသဖြင့်လည်း တစ်ဖန် မိမိက လူကြီးမိဘအရာ ရောက်ပြန်တော့ လူငယ်များ အား ထိုသို့ဆုံးမ၍ လိုက်နာစေလိုကြပြန်၏။ ဤသို့ဖြင့် မြန်မာ တို့၏ လူကြီးလူငယ် ဆက်ဆံရေး ယဉ်ကျေးမှု အစဉ်အလာ သည် အစဉ်သဖြင့် သစ်ထွန်းနေပေတော့၏။

ငယ်တုန်းရွယ်တုန်း နေချင်သလို နေလာသော်လည်း အသက်အရွယ်က လူကြီးစာရင်းဝင်လာသောအခါ လူရိုသေ ရှင်ရိုသေ လုပ်လာကြရ၏။ လုပ်ထားကြရ၏။ ထိုသို့ လူရိုသေ ရှင်ရိုသေလုပ်ရင်း တကယ့်လေးနက်မှုကို ရရှိသွားသူများလည်း

ရှိခဲ့ပေ၏။ ဘယ်လိုပဲဖြစ်ဖြစ် ထိုအချိန်တွင် ဘာသာရေး အဆုံးအမများနှင့် နှီးနွှယ်ဖို့ရာ အသင့်လျော်ဆုံးအချိန်ဟု ဆိုက မမှားနိုင်ပေ။

တစ်ခါက သူငယ်ချင်း၏အိမ်သို့ ညဦးပိုင်း သွားလည်သူတစ်ဦးသည် ဘုရားစင်ရှေ့၌ ဘုရားရှိခိုးနေသော သူငယ်ချင်းအား အချိန်အတော်ကြာကြာ ထိုင်စောင့်နေရလေသည်။

ဘုရားရှိခိုးပြီး၍ ဧည့်ခန်းသို့ ရောက်လာသော သူငယ်ချင်းအား ထိုင်စောင့်နေသော သူငယ်ချင်းက ဆီး၍ပြောလိုက်၏။

"တစ်ချီထဲပဲ နိဗ္ဗာန်သွားတော့မလားလို့ မတွေ့လိုက်ရမှာ စိုးတာနဲ့ ငါဖြင့် ထိုင်စောင့်နေလိုက်ရတာ။ ဘုရားရှိခိုးတာ ကြာလိုက်ပါ့ကွာ။ တကယ်ကော စိတ်ပါလို့လား။ မနေ့ကပဲ မင်းနဲ့ အရက်အတူသောက်ခဲ့တာ၊ မင်းဟာ ဟုတ်မှ ဟုတ်ရဲ့လားကွာ"

အိမ်ရှင်သူငယ်ချင်းက 'ရှူး --တိုး- တိုး' ဟု လက်ဟန်ခြေဟန်ပြပြီး 'မင်းကလဲ ခက်ပါ့၊ မိန်းမရိုသေအောင် ဘုရားရှိခိုးရတယ်ဟ။ အသက်ကလဲကြီးလာပြီ။ ဒီကြားထဲ စိတ်ပါသွားလဲ အမြတ်ပေါ့ကွာ' ဟု လေသံတိုးဖြင့် ပြန်ပြောလေ၏။

ထိုစကားသည် သာမန်မျှပြောသည် မှန်သော်လည်း တကယ်တန်းမှာ ဗုဒ္ဓဘာသာ အိမ်ထောင်ရှင်ယောကျ်ားတို့ အနေနှင့် အိမ်သူမိန်းမအား စည်းရုံးရေး လက်နက်တစ်ခု ဖြစ်ပေသည်ဟု အိမ်လာလည်သူ သူငယ်ချင်းက မှတ်ယူလျက် သဘောကျသွားလေသည်။ 'ဖတ်ပြန်သော်ကား ဖတ်ဖန်များက သားမယားပင် မိုက်မှားခဲ့စွာ မလိမ္မာလည်း စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ္မာ ရှိသည်သာတည့်' ဟူ၍ အရှင်မဟာရဋ္ဌသာရ လင်္ကာစပ်ဆို ဆုံးမခဲ့သည်လည်း ရှိခဲ့ဖူးပေ၏။ ပေါ့ပါးလွယ်ကူသည့် အမျိုးသမီးတို့၏ စိတ်သန္တာန်ကို လေးနက်စေရန်မှာ ဘာသာတရား အဆုံးအမသာလျှင် အထိရောက်ဆုံး လက်နက်ကောင်းတစ်ခု ဖြစ်နိုင်ပေမည်။

သူငယ်ချင်းနှစ်ဦး အိမ်ရှင် သူငယ်ချင်း၏ဇနီး လာရောက်ချပေးသော လက်ဖက်နှင့် ရေနွေးကြမ်းကို ကြည့်ရင်း ပြုံးနေကြလေ၏။



## ငါဆိုတာ မင်းအဖေကွ

လူကြီးဖြစ်လာသည်နှင့် လူကြီးအင်္ဂါနှင့်အညီ အနေအထိုင် အမူအကျင့်တို့ ကြီးလေးလာရ၏။

ငယ်ရွယ်သူတို့ အလေ့အလာ အနေအထိုင် အမူအကျင့်ကို မဖျောက်ဘဲ ပလွှားပြောဆိုနေထိုင်ပါက 'ရောရောနေ အရိုသေတန်တတ်သည်' မှာလည်း အမှန်ပင်ဖြစ်၏။ မိမိ လက်အောက်ငယ်သားများနှင့် သူတစ်ဆုပ်ရ ကိုယ်တစ်ဆုပ်၊ သူတစ်ဖဲ့ရ ကိုယ်တစ်ဖဲ့ အညီအမျှ ခွဲဝေစားသောက်ခြင်းကို မဆိုလို။ မိမိလက်အောက် ငယ်သားများနှင့် အတူတကွ စားဖေါ်သောက်ဖက်ပြုခြင်း၊ သူငယ်ချင်း ပေါင်းပေါင်း၍ ဒူးတင် ပေါင်တင် နေထိုင်ခြင်းတို့သည်လည်း ငယ်သားများ၏ ချစ်ခင်မှုကို ရရှိစေကာမူ လေးစားမှုကိုမူ မရတတ်ပေ။

မင်းနန်းတော်သို့ အခစားဝင်ရန်လာရာ ငယ်ရွယ်သည့်အလျောက် လာစဉ်က ရေမြောင်းကို ခုန်ကျော်လာခဲ့သော်လည်း ဘုရင်မင်းမြတ်ထံ အခစားဝင်ပြီး၍ သူဌေးရာထူး ရရှိပြီးသည့်နောက် အပြန်လမ်းတွင် ရေမြောင်းကို ခုန်ကျော်

မသွားတော့ဘဲ အသာအယာဆင်း၍ သိက္ခာဖြင့် လျှောက်ခဲ့သော ဇာတ်ဝတ္ထုကိုလည်း အမှတ်ရထိုက်ပေ၏။

ဘယ်သို့ဆိုစေ ထိုသို့မနေခဲ့မိသော ဖခင်များလည်း မြောက်များစွာ ရှိခဲ့ကြ၏။ ထို့အနက် ဖခင်တစ်ဦး၏ အဖြစ်ကား ဆိုးရွားသလောက် ရယ်လည်းရယ်ရပေ၏။

ကျေးရွာတစ်ရွာတွင် အရက်သမားသားအဖတို့ ရှိလေသည်။ ဖခင်သောက်ရာနောက်သို့ သားက ဖခင်နောက် လိုက်၍ သောက်သဖြင့် အရက်သမားဖြစ်လာသလား၊ ဖခင်အား အရိုအသေ တန်ပြီး အရေးမစိုက်ဘဲ သောက်ချင်ရာသောက်၍ အသောက်သမားဖြစ်လာသလား မပြောတတ်ပေ။ နှစ်မျိုးသော အကြောင်းကြောင့်လည်း ဖြစ်နိုင်ပေမည်သာ။

တစ်ညတွင် သားဖြစ်သူသည် အရက်မူးပြီး ရွာရိုးလျှောက်ဆဲနေသည်။ အရက်သမားတို့ ထုံးစံအတိုင်း အရက်မူးလာပြီဆိုလျှင် ခံစားချက်တွေ ပေါက်ကွဲထွက်လာတတ်သည်။ မိမိနှင့် မတည့်သည့် အိမ်ဖက်သွား၍ သွယ်ဝိုက်၍ တစ်မျိုး၊ ခပ်ထေ့ထေ့တစ်ဖုံ စောင်းဆဲဆဲတတ်၏။

"ဘယ်ခွေးမှ လူမထင်ဘူးကွ။ သတ္တိရှိရင် ထွက်ခဲ့"

မိမိနှင့်မတည့်သူ မကြားကြားအောင် ထိုအိမ်ရှေ့သို့ ခေါက်တုံ့ခေါက်ပြန် ဆဲနေလေ၏။ ကြားရသူများက မူးသူများ

မဟုတ်သဖြင့် မနှစ်မြို့သော်လည်း မူးသူနှင့်တုရ၍ ရန်မဖြစ်လို ကြဘဲ သည်းခံနေရလေ၏။

ငမူးကား ထိန်းသိမ်းပေးမည့်သူ မရှိ၊ ခေါက်တုံးခေါက်ပြန် ဆဲမြဲဆဲလျက်ရှိလေ၏။

"ဘယ်သူမှ မထွက်ဘူးလားကွ။ သတ္တိရှိရင်ထွက်ခဲ့" မကြာပါ။ ငမူးအား ဆုံးမမည့်သူ ပေါ်လာ၏။

"ဟေ့ ဘယ်သူလဲကွ ဆဲနေတာ၊ ထွက်တယ်ကွာ။ ငါ လာပြီ"

"ကဲ- တစ်ပွဲတစ်လမ်း တွေ့ကြသေးတာပေါ့။ ထွက်ခဲ့လေ။ မှောင်ထဲက လုပ်မနေနဲ့။ ငါဆိုတာ ဘယ်သူလဲ၊ ခုထွက်ခဲ့"

"အေးအေး ငါလာပြီလာပြီ။ ငါဆိုတာ မင်းအဖေကွ"

ငါဆိုသော ထိုသူသည် တုတ်ပိုင်းတစ်ခုကို ကိုင်လျက် မှောင်ရိပ်ထဲမှ ရွာလမ်းပေါ်သို့ ပြေးထွက်လာသည်။ ထိုသူ လမ်းမပေါ်သို့ ရောက်လာသော် မူးဆဲနေသော ငမူးအား လမ်းမပေါ်၌ မတွေ့ရတော့ပေ။

အဘယ်မှာ တွေ့ရတော့ပါမည်နည်း။ 'ငါဆိုတာ မင်းအဖေကွ' စကားသံကို ကြားကတည်းက မိမိအဖေ၏

အသံကို ကျက်မိသွားသော ငမူးမှာ ဖဝါးနှင့်တင်ပါး တသား တည်းကျအောင် နောက်ကြောင်းပြန်လှည့် ပြေးပါတော့သည်။ အစ အဆုံး နားစွင့်၍ ကြားမြင်နေကြရသော အိမ်နီးနားချင်း တို့မှာသာ ရယ်မောရ၍ ကျန်ရစ်ခဲ့ပေတော့၏။

တကယ့်တကယ်ကား ဖအေသည်လည်း အရက်ဆိုင် တွင် အရက်သောက်နေရင်း 'မင်းသား မူးဆဲနေတယ်' ဟု တွေ့ခဲ့သူများက ပြော၍သိရပြီး စိတ်ဆိုးဆိုးနှင့် တွေ့ရာ တုတ်တစ်ချောင်းကိုင်၍ ထွက်လိုက်လာခြင်းဖြစ်လေသည်။

မူးနေသည့်ကြားမှ ဖအေဟု သိရှိသည်နှင့် ပင်ကို ရိုသေစိတ် ကြောက်စိတ်ပေါ်လာပြီး ယခုကဲ့သို့ ထွက်ပြေးသွား သော သားကိုပင် ကပ်သီးကပ်သတ်ကျေးဇူးတင်ရတော့မည် ဖြစ်သည်။ သို့မဟုတ်ပါက သားအဖချင်း မူးပြီး ဖအေမှန်း မသိ သားမှန်းမသိ အပြန်အလှန်ရိုက်ကြ၍ နှစ်ဦးစလုံး ဆေးရုံ ရောက်ကြရသည့်သတင်း ဟော်လေးတကျိူး ဟိုးလေးတကျော် ဖြစ်မလာဘူးဟု ဘယ်သူပြောနိုင်ပါမည်နည်း။



## ကဒတ်ကုန်းရွာသူ

အောဒ်ါမှာ ရက်လုပ်သော လွယ်အိတ်လှလှကို လွယ်ပြီး ရွှေမျက်မှန် တဝင်းဝင်း သက်နီးတမမ ပဥ္စင်းပျိုမျိုးကိုဖြစ်စေ၊ ခါတ်ပုံကင်မရာ တလွယ်လွယ်၊ အိတ်ဆောင်ကက်ဆက် တကိုင်ကိုင် ပဥ္စင်းပျိုမျိုးကိုဖြစ်စေ သက်တော် ၆၀- ၀ါတော် ၄၀ ရ ဆရာဘုန်းတော်ကြီးများ မြင်တွေ့လျှင် မျက်စိတော် စပါးမွေး စူးကြလေ၏။ ရဟန်းတော်များ၏ ဝိနည်း သိက္ခာပုဒ်တော်အကြောင်း တီးခေါက်မိသော ဒါယကာ ဒါယိကာမများပင် မျက်သိအမြင် ရိုင်းတတ်ကြပေ၏။

“ဘယ်တတ်နိုင်မှာလဲလေ။ ငယ်တုန်းငယ်ခါဆိုတော့ ရင့်ကျက်မှု မရသေးဘူးပေါ့။ သိက္ခာဝါကြီးလာတော့လဲ ပလွှားမှု အသွင်အပြင်တွေ အလိုလို ပျောက်သွားပြီး ဒီလိုပဲ မထေရ်ကြီး ဖြစ်သွားကြတာပဲ။ ကိုရင်ငယ် ပဥ္စင်းငယ်များ လမ်းလွဲတဲ့အထိ မပလွှားအောင်တော့ ပြောဆို ထိန်းသိမ်းပေးကြဖို့ တာဝန်တော့ မထေရ်ကြီးများမှာ ရှိသဗျို့။”

ဆရာတော်ကြီးတစ်ပါး၏ ဩဝါဒဖြစ်ပါသည်။

မှန်ပါသည်။ လူတိုင်းသည် ပျိုရွယ်ချိန်ကို ဖြတ်သန်း၍ လူကြီးတစ်ဦး၏ ရင့်ကျက်မှုအဆုံးဆီသို့ ရှေးရှုကြရမြဲဖြစ်၏။ ထိုမတိုင်မီကာလ ရင့်ကျက်မှု မရှိသေးသော အသွင်အပြင် အနည်မထိုင်သေးမှု လက္ခဏာများကို ကြုံတွေ့တတ်ကြရမြဲ ဖြစ်ပါသည်။

သို့သော်လည်း ပုထုဇဉ် ပုဂ္ဂိုလ်တစ်ဦး၏ ရင့်ကျက်မှုဟူသည် ပါရမီတစ်ခုပမာ တစ်စတစ်စ တစ်ဆင့်ထက်တစ်ဆင့် စုထပ်ပုံရာမှ မြင့်မားရင့်ကျက်ရမည်ဖြစ်ရာ ရင့်ကျက်မှုပါရမီကို စပင်မစရသေးသူအဖို့ အဘယ်မှာ ရင့်ကျက်လာနိုင်စရာရှိပါတော့မည်နည်း။ ဒါကိုလည်း စဉ်းစားသင့်အပ်လှပါ၏။ ထို့ပြင် 'ငယ်ကျိုးငယ်နာ' ဟူသည် သေအထိ လိပ်ပြာမသန့် ဖြစ်တတ်သော အရိပ်မည်းတစ်ခု ဖြစ်တတ်သဖြင့် ကြီးငယ်ရွယ်လတ် မရွေးကျင့်ဝတ်သိက္ခာများနှင့်အညီ ဆောက်တည်နေထိုင်နိုင်ခြင်းကသာ အကောင်းဆုံး ဖြစ်အပ်ပေမည်။

ဘယ်သို့ဆိုစေ ခေတ်လူငယ်တို့သည် ခေတ်လူငယ်တို့သာ ဖြစ်၏။ တစ်ချိန်က လမ်းသရဲသီချင်းဟူ၍ ခေါ်သော စတီရီယိုတေးဂီတသည် လူအများလက်ခံလာသည့်အတွက် တည်ထွင်မှုများနှင့် ပေါင်းစပ်ကာ ယနေ့အချိန်အခါတွင် စင်ပေါ်သို့ ရောက်ရှိနေပေပြီ။ ခေတ်သမိုင်း ရေစီးကြောင်းပေါ်မှ

ရိုက်ခတ်လာသော လူငယ်များ၏ အမူအကျင့် ဝေါဟာရ စကားလုံးတို့သည် ရဟန်းပျို ပဥ္စင်းပျိုတို့ လောကသို့လည်း တစ်နည်းမဟုတ်တစ်နည်း ကူးစက်ရိုက်ခတ်တတ်သည်ဟုသာ သဘောထားကြရပါမည်။

တစ်ခါက ရန်ကုန်မြို့ စာသင်တိုက်ကြီးတစ်ခုသို့ တူဦးပဥ္စင်းအားကိုးဖြင့် တောရွာမှ ဒါယကာကြီးနှစ်ဦး ဘုရားဖူး ရောက်ရှိလာသည်။ တစ်ရက်စ နှစ်ရက်စ ဘုရားဖူးပို့ရင်း ရင်းနှီးလာသောအခါ တောကဒါယကာကြီးအား ပဥ္စင်းပျိုတစ်ပါးက မေးသည်။

"ဘယ်နဲ့လဲ ဒကာကြီး။ ငွေကို ရေလိုသုံးနိုင်မှ ဒကာကြီးရဲ့။ ခုလာခဲ့တာ ငွေဘယ်လောက် ပါလဲ"

ဒါယကာကြီးကလည်း ပြန်လျှောက်၏။

"မှန်ပါ- အသင့်အတင့်ပါဘုရား။ သုံးတာစွဲတာနဲ့ ဘုရားဖူးလှူဒါန်းရုံလောက်ပါ ဘုရား"

"ဘယ်ဟုတ်မလဲ ဒကာကြီးရဲ့။ ရန်ကုန်ဆိုတာ ရန်ကုန် မဟုတ်ဘူး ဒကာကြီး၊ ရ-ကုန်၊ ရ-ကုန်။ ရတယ်- ကုန်တယ်။ သုံးမလောက်ဘူး။ဒီတော့ ဒကာကြီး ရေလျှံရတယ်"

“ပဉ္စင်းပျိုသည် လမ်းဘေးစကား (ဘန်းစကား)နှင့် ပြောမှ ဂုဏ်ရှိသည် အထင်ရှိသည့်အတိုင်း တောက ဒါယကာ အား ပြောချနေပါသည်။ တောက ဒါယကာသည်လည်း လမ်းဘေး ဘန်းစကားများကို ကြားဖူးခြင်းမရှိပေ။

“မှန်ပါဘုရား၊ တပည့်တော်တို့ကတော့ ဦးပဉ္စင်းတို့လို ပါဠိငုပ်ပြောတာ ဘယ်နားလည်ပါ့မလဲဘုရား”

ဘေးမှ ဦးပဉ္စင်းများက ဝိုင်းရယ်ကြသည်။ တောက ဒါယကာကြီးများမှာ စကားပြောများ မှားသလားဟူ၍ ကြောင် နေကြ၏။ ငွေ၏ဘန်းစကားအသုံးတစ်ခုမှာ (ရေ) ဖြစ်သည်ကို ဦးပဉ္စင်းတစ်ပါးက ဝင်ရှင်းပြမှ တောကဒါယကာကြီးများ သဘောပေါက်ပြီး ရယ်နိုင်လေ၏။

ဤသည်ကား တောမှ မြို့သို့လာသော ဒါယကာများ အား မြို့ဦးပဉ္စင်းက ရှင်းပြမှ နားလည်နိုင်သော ဝေါဟာရ အသုံး ဖြစ်ခဲ့ပေ၏။

တစ်ဖန် ထိုပဉ္စင်းပျိုသည်ပင် ပထမပြန်စာမေးပွဲများ ပြီး၍ နွေရာသီကျောင်းပိတ်ချိန် ထိုဒါယကာများရှိရာ တောရွာ သို့ ထိုဒါယကာ၏ တူ ဦးပဉ္စင်းနှင့် အလည်လိုက်သွားခဲ့သည်။

ရွာသို့ ညေ့သည်အာဂန္တု ရောက်ရှိလာပါက သိသိ မသိသိ ထမင်းတန်ထမင်း လက်ဖက်ရည်တန်လက်ဖက်ရည်

ဖိတ်ကြား၍ ညည့်ခံတတ်သည်မှာ တောရွာထုံးစံဖြစ်၏။ ရွာဦးကျောင်းသို့ အာဂန္တုဘုန်းကြီး ကြွလာလျှင် ဆွမ်းအုပ်များ ပို့လှူခြင်း၊ သောက်ရေ သုံးရေ ခပ်၍ ပို့လှူခြင်းသည် ပြုကြမြဲဖြစ်လေသည်။ အာဂန္တုရက် နှစ်ရက် သုံးရက်ရှိသောအခါ မြို့မှ အာဂန္တု ပဉ္စင်းပျိုသည် ညနေတိုင်း ကျောင်းသို့ ရေခတ်ပို့လှူသော မိန်းမပျိုအချို့နှင့် အတန်အသင့် ရင်းနှီးသွားလေသည်။ ထိုအထဲတွင် ရွာဆော် အပျိုဟိုင်းကြီး မစိန်မှုံလည်း တစ်ဦးပါဝင်လေသည်။

အပျိုဟိုင်းကြီး မစိန်မှုံ ရေပို့လှူ၍ ပြန်သွားသောအခါ အာဂန္တုပဉ္စင်းပျိုက ကျောင်းမှ တောထွက်ဦးပဉ္စင်းကြီးအား မေးသည်။

"မစိန်မှုံက ဘယ်ဖက်အပိုင်းမှာ နေသလဲ။ ယောက်ျား ဒကာရော ရှိသလား"

တောထွက်ဦးပဉ္စင်းကြီးက အာဂန္တုပဉ္စင်းပျို၏ အမေးကို ပြုံး၍ ဖြေကြား၏။

"ကဒတ်ကုန်းကပါ ကိုယ်တော်"

"ဟုတ်လား။ ကဒက်ကုန်းဆိုတော့ ဒီရွာနာမည်လဲ မဟုတ်ဘူး။ ဟိုဖက်ရွာကပေါ့။"

"ကဒက်ကုန်း မဟုတ်ဘူးဘုရား။ ကဒတ်ကုန်း ကဒတ်ကုန်း"

ဦးပဉ္စင်းကြီးမျက်နှာက ပြုံးဖြဲဖြဲပင်ရှိ၍ အာဂန္တုဦးပဉ္စင်းမှာ မေးမိသည်ကို စိတ်ထဲမလုံမလဲ ဖြစ်လာ၏။

"ဦးပဉ္စင်းကြီးက ဘာပြုံးတာလဲ။ ကဒက်ကုန်း ဆိုတာက ခံတက်ပင်တွေများလို့ ခံတက်ကုန်း။ ကဒတ်ကုန်းဆိုတာက ဟိုလေ ဟင်းချိုချက်စားရတဲ့ ဖြူဖြူအပွင့်တွေဗျာ။ ဘာတဲ့ ဩော် သိပြီသိပြီ။ ကဒတ်စာပင်။ အဲဒီအပင်တွေပေါ်များတဲ့ ကဒတ်ကုန်းရွာလား"

ဦးပဉ္စင်းကြီးက ပြုံးရုံမဟုတ်၊ ရယ်ချလိုက်လေ၏။

"ဟား-ဟား- ကိုယ်တော်ကလဲ မြို့ကလာပြီး နားဝေးလိုက်တာ။ အရပ်မသုံးလို့ ကဒတ်ကုန်းလို့ပြောတာ"

အာဂန္တုဦးပဉ္စင်းအဖို့ နားပိုရှုတ်သွားလေပြီ။

"ဘာလဲ ၊ ကဒတ်ကုန်းရွာနဲ့ အရပ်မသုံးတာ ဘာဆိုင်လို့လဲ။ မသိလို့မေးတာပါ။ ရှင်းပြဦးမှပေါ့ ဦးပဉ္စင်းကြီးရာ"

"ကဲဒါဖြင့် ရှင်းပြပါမယ် ဘုရား။ ရွာထဲရပ်ထဲမှာ အသက်လေးဆယ်ဆိုရင် အပျိုကြီးဟိုင်းသွားပြီ။ သားသမီးရည်ရွယ်ချက်ရှိတဲ့ ယောကျ်ားဆိုတာ ဝေးဝေးကရှောင်ပြီ။ အဲဒီလို အပျိုကြီးတွေကို အရပ်မသုံး ကဒတ်ကုန်းလို့ အရပ်ထဲကာလသားစကားနဲ့ ပြောကြတာ ဦးပဉ္စင်းရဲ့"

"ဦးပဉ္စင်းကြီးရှင်းမှ ပိုရှုတ်သွားပြီး။ အရပ်မသုံးတာနဲ့ ကဒတ်ကုန်းနဲ့ ဘာဆိုင်သလဲ။ နားမရှင်းဘူး"

"ကဲ-နားမရှင်းရင် ရှင်းအောင်ပဲ ပြောလိုက်တော့မယ်။ အရပ်မသုံးဆိုတာက အရပ်ထဲမှာ ကာလသားများက စာရင်းမသွင်းတော့တာကို ဆိုလိုတာ။ ကဒတ်ကုန်းဆိုတာက ဦးပဉ္စင်းထင်သလို ရွာနာမည်မဟုတ်ဘူး။ ကဒတ်ကုန်း (ကတုံးကပ်)လို့ ဆိုလိုတာ။ အရွယ်လွန်လို့ လင်ယူသားမွေးစိတ်ကလဲ နည်းပါးခမ်းခြောက်လာတော့ ကျောင်းကန်ဘုရားဖက် အလာအသွားများလာတာကို ကာလသားစကားနဲ့ ကတုံးကပ် (ကဒတ်ကုန်း) လို့ ဆိုလိုတာဘုရား။ ဦးပဉ္စင်းလေးရယ် - လူ့လောကီများတော့ စိတ်မကူးမိကြနဲ့နော်။ တပည့်တော်ဆိုရင် လူ့ဘဝတုန်းက မိန်းမနှစ်ယောက်မက သုံးယောက်ထိ ရခဲ့ဖူးတယ်။ အနှစ်သာရ အချုပ်အခိပ္ပါယ်ပြောပါဆိုရင် (လေးသစ်နဲ့ ခွေးဖြစ်) ခဲ့ရတာ လို့ပဲ တိုတို ကောက်ချက်ချပါရစေဘုရား"

မြို့ရပ် ဒေသများတွင် ကျင်လည်ခဲ့သော အာဂန္တုဦးပဉ္စင်းမှာ တောရွာကျောင်းတွင် နေထိုင်သီတင်းသုံးသည့် တောထွက်ဦးပဉ္စင်းကြီးထံမှ ရယ်စရာနှင့် မှတ်သားစရာ တစ်ခုကို ကြားသိရ၍ ပြုံးမိလေ၏။ ဦးပဉ္စင်းကြီး ပြောစကားထဲမှ နောက်ဆက်တွဲ ကြားသိရသည့် (လေးသစ်နဲ့ခွေးဖြစ်) ဆိုသော အခိပ္ပါယ်ကိုမူ နောက်မှ ရှင်းပြခိုင်းတော့မည်ဟု မှတ်ထားလိုက်လေ၏။ ■

# အဿလောမ ဂါမ

မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများ၏ အောက်ခြေ၌ စာသင်သားသံဃာ ဆယ့်လေးငါးပါးရှိ တောရွာစာသင်တိုက်ကလေးများ ရှိတတ်၏။ အများအားဖြင့် အခြေပြုမူလတန်း ကိုရင်ငယ် ကလေးများ များပြီး ပထမငယ်တန်း အခြေခံ ပထမငယ်တန်းလောက် ရောက်သည်နှင့် စာမေးပွဲအောင်သည်ဖြစ်စေ၊ မအောင်သည် ဖြစ်စေ မြို့ပေါ် စာသင်တိုက်သို့ ပြောင်းရွှေ့ပို့ကြရသည်။ မြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှာမူ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယ အတန်းစုံ၍ ဗာချဘုန်းကြီးလည်း ပြည့်စုံကြလေ၏။

တောရွာစာသင်တိုက်ဖြစ်သည့်အလျောက် ဆရာဘုန်းကြီး တစ်ပါးကလွဲ၍ ပရိယတ္တိအခြေခံကလည်း သူမသာကိုယ်မသာ တန်းတူဖြစ်သဖြင့် စာမသိလို့မှ မေးမြန်းစရာရှိသည် မဟုတ်ပေ။ ပါဠိဘာသာစာလုံးပေါင်းများကလည်း များများစားစား မရရှိသေးဘဲ ပါဠိလိုကလေးကလည်း မတောက်တခေါက် တတ်သိနားလည်ချင်နေ တတ်ကြ၏။ ပထမပြန်

စာမေးပွဲ အောင်စာရင်းတွင် ခရေပွင့်ပြ၍ အောက်ခြေမှတ်ချက်မှ (ပါဠိဘာသာဖြင့်ဖြေဆိုအောင်မြင်သည်) ဟု အထူးဖော်ပြခံရသည်ကိုလည်း အထင်ကြီးကြလေ့ရှိ၏။

ကစ္စည်းသဒ္ဒါကြီး နာမ်သုတ်တစ်သုတ်မှာ (တေ က္ကတ္ထိချာ ပေါ) ဟု ရှိ၏။ ၎င်းသုတ်၏ နိဿယအနက်မှာ 'တေ- က္ကဝဏ် ဥဝဏ်တို့သည်၊ က္ကတ္ထိချာ- က္ကတ္ထိလိင်ကို ဖော်ညွှန်းသည်ရှိသော်၊ ပေါ- ပ-အမည်ရှိသည်၊ ဟောတိ- ဖြစ်၏' ဟူသတည်း။

သို့သော်လည်း ကိုရင်ကြီးများက ၎င်းသုတ်ကို အနက်တစ်မျိုးပေးကြ၏။ 'တေ က္ကတ္ထိ- ထိုမိန်းမသည်၊ ချာပေါ- ချောပါပေ၏'ဟူ၍ ရယ်စရာ အနက်တစ်မျိုးပေး၍ ကိုရင်ငယ်များအား ဆရာလုပ်ကြလေ၏။

ပထမငယ်တန်းလောက် ရှိနေသော ကိုရင်ကမူ စာအဆင့် နည်းနည်းမြင့်လာပြီဖြစ်၍ ပါဠိသဒ္ဒါ ပါဠိဝေါဟာရကို ထွင်၍ ကြံသည်လည်း ရှိ၏။ မြန်မာလို ငှက်ပျောပင်မှာ ပါဠိလို (ကဒလီ)ဟူ၍ ဖြစ်၏။ သို့သော် ထိုပါဠိကို မသိသော ကိုရင်သည် ရယ်စရာဖြစ်အောင် စာကြံ၏။ (ငှက်=သကုဏ + ပျော= ဝစန + သီး= ဖလ) သကုဏဝစနဖလ= ငှက်ပျောသီး။

တောရွာတွင် အသံချဲ့စက်ကို လော်စပီကာဟူ၍ ခေါ်၏။ အမှန်မှာ Loud speaker (လောက်စပီကာ)ဟုခေါ်ရမည်ဖြစ်သော်လည်း လော်စပီကာဟူ၍သာ အများခေါ် နှုတ်ကျိုးနေကြ၏။ ခေတ်ပေါ်အသံချဲ့စက်ကို ပါဠိစကားတွင် ရှိနိုင်မည်မဟုတ်သဖြင့် ပါဠိလိုကြံပြန်၏။ (အသံ= သဒ္ဒ+ချဲ့= ဝေပုလ္လ + စက်=စက္က) သဒ္ဒဝေပုလ္လစက္က = အသံချဲ့စက်၊ အသံပြန့်ပြောစက်။

တောရွာ ဘုန်းကြီးတစ်ပါးသည်လည်း ပါဠိစကားလုံးကြံသူထဲတွင် ပါဝင်ဖူး၏။

ဘုန်းကြီးသည် ဟိုဖက်ရွာမှ ရှင်ပြုပဋ္ဌင်းခံ အလှူပွဲသို့ကြွရန် သင်္ကန်းအပိုတစ်ထည် ပုခုံးပေါ်တင်၍ ကျောင်းပေါက်ဝထွက်လာသည်။ ကျောင်းရေတွင်း၌ သောက်ရေလာခပ်သူရွာသားတစ်ဦးက ရေတွင်းမှ ရေငင်ရင်း လှမ်း၍ လျှောက်ထားသည်။

“ဘုန်းကြီးဘုရား၊ ဘယ်ကြွမလို့လဲ ဘုရား”

ဘုန်းကြီးသည် ပရိယတ္တိစာပေအဆင့်မြင့်မြင့် မသင်ဖူးသော်လည်း ပါဠိပါဠ်သား အသုံးအနှုန်း ဝါသနာ ပါသောပုဂ္ဂိုလ်ဖြစ်၏။ ဘုန်းကြီး၏ စိတ်ကူးထဲတွင် ရှင်ပြုအလှူပင့်ဖိတ်သည့် ဟိုဖက်ရွာ၏ နာမည်ကို ပါဠိလို ကြံစည်၍ ထွက်လာချိန်ဖြစ်၏။

လျှောက်ထားသူ ဒါယကာမှာ ကျောင်းသို့ လာသွားနေကျ ရင်းနှီးသူဖြစ်ရာ ဘုန်းကြီးသည် ဒါယကာ၏ အမေးကို ကြံထားသော ပါဠိဖြင့် ဖြေကြားလိုက်၏။

"အဿလောမဂါမ---- ဗေပိန်းထိ၊ သွားမလို့ဟေ့"

ဘုန်းကြီးမှာ ရယ်ပြုံးပြောဆိုကာ ကျောင်းဝင်း တံခါးမှ ထွက်ကြွသွား...ပြီ။

ဒါယကာသာလျှင် ပြုံးရမလိုကြီး ဖြစ်၍ ကျန်ရစ်၏။ ဘုန်းကြီးပြောသွားသည်မှာ ပါဠိလိုလည်းပါပြီး ဆိုင်းတီးသံလည်း ပါနေသေးရာ ရယ်စရာပြောသွားခြင်းပင် ဖြစ်မည်ဟုသာ သဘောထားလိုက်ရတော့၏။

အမှန်မှာ ဘုန်းကြီးသည် ရှင်ပြုရဟန်းခံ အလှူပြုလုပ်မည့် ဟိုဖက်ရွာနာမည်ကို ပါဠိလိုပြောခဲ့ခြင်းဖြစ်ပေ၏။ (မြင်း=အဿ + အမွေး=လောမ+ရွာ=ဂါမ။ အဿလောမဂါမ=မြင်းမွေးရွာ) အဿလောမဂါမဟူသော ပါဠိ၏နောက်မှ (ဗေပိန်းထိ)မှာ မြန်မာလိုဖြစ်ပြီး ဗုံးသံဆိုင်းသံပင် ဖြစ်သည်။ ရှင်ပြုအလှူတွင် ဆိုင်းဝိုင်းပါသည်ဟု ပြောလိုရင်းဖြစ်ပြီး ပါဠိလို မစီတတ်သဖြင့် (ဗေပိန်းထိ) ဟု ကြားညှပ်၍ ထည့်ပြောသွားခြင်းဖြစ်ပေသတည်း။ ■



ဟန်ကိုယ့်ဖို့ ဖိုးစော

## ဟန်ကိုယ့်ဖို့ ဖိုးစော

ရွာတွင် ဖိုးစောဟု ပြောလိုက်လျှင် မသိသူမရှိ။ တစ်ရွာလုံးတွင် မျက်စေ့နှစ်ကွင်း အလင်းမရသူဟူ၍ ဖိုးစောတစ်ယောက်သာ ရှိလေသည်။

ဖိုးစောသည် မျက်စေ့နှစ်ကွင်းသာ အလင်းမရသည်။ နားကတော့ ပါးသည်။ အသံကြားရုံနှင့် မည်သူမှန်း မလွဲစေရ။ ရွာကလူများက ဖိုးစောအား အသံဖျက်၍ နောက်ကြသည့်တိုင် အသံကျက်မိပြီး နာမည်နှင့်လူ လွဲခဲလေသည်။

ဖိုးစောသည် လူရည်လည်း လည်လေသည်။ မိုးလင်းသည်နှင့် တောင်ဝှေးတစ်ချောင်း တတောက်တောက်ခေါက်၍ ရွာရိုးလျှောက်နေတတ်သည်။ ကျွဲလွတ်နွားလွတ်များနှင့် တိုးမည်စိုး၍ တွေ့သူများက စိုးရိမ်ပြီး ပြောကြသည်ကိုလည်း လက်မခံပေ။

ကျွဲလွတ်နွားလွတ်များနှင့် မတွေ့မဟုတ်၊ တွေ့၏။ သို့သော် ဖိုးစောက တောင်ဝှေးကို ကျွဲလွတ်နွားလွတ်ဖက်သို့ အဆက်မပြတ် ရမ်းထားပြီး အနီးတိုးလာသော ကျွဲနွားအား

တောင်ဝှေးဖြင့် ချက်ကောင်းရိုက်လွှတ်ပြီး ဖြစ်တတ်၏။ ဖိုးစော
သည် ခွေးကိုက်တတ်သော အိမ်ကိုလည်း သိရှိနေပြီး ထိုအိမ်
ရှေ့ရောက်လျှင် တောင်ဝှေးကို ရိုက်ဟန်ပုတ်ဟန်ပြ၍ သွားရာ
ခွေးလည်း သူ့အနီး မသီရဲတော့ပေ။

ဖိုးစော၏ ဝါသနာတစ်ခုက ကြွားတတ်ခြင်းဖြစ်၏။
အကြွား- ဂိုဝိ သူ့အား အထင်သေးမည်ကိုလည်း စိုးရိမ်
လေသည်။ သူများက သူ့အား မျက်စေ့နှစ်ကွင်း အလင်းမရသူ
အဖြစ် အထင်သေးမခံရအောင် ဖိုးစော၏ ဟန်ကိုယ့်ဖို့ လုပ်
သွားပုံများမှာ ရွာသူရွာသားများအဖို့ ရယ်စရာပုံပြင်တစ်ခုပမာ
ရယ်ပွဲဖွဲ့ ပြောဆိုကြရလေ၏။

မျက်စေ့မမြင်သူသည် နားအကြားအာရုံဖြင့် လမ်း
သွားလမ်းလာ မည်မျှကျင်လည်စေကာမူ တစ်နေ့တစ်ချိန်တွင်
လွဲချော်မှားယွင်းမှုနှင့် ကြုံရမြဲဖြစ်၏။

တစ်နေ့တွင် ဖိုးစောသည် ထုံးစံအတိုင်း တောင်ဝှေး
တစ်ချောင်းကို တတောက်တောက်ခေါက်ရင်း ရွာရိုးလမ်း
အတိုင်း လျှောက်သွားရင်း လမ်းချော်၍ ရွာပြင်ထွက်သွားပြီး
ရေတွင်းပျက်ဟောင်းထဲ ကျသွားသည်။

ရေတွင်းပျက်မှာ အမှိုက်သရိုက်များ ပစ်ချထား၍
အနက်ကြီးမဟုတ်ပေ။ သို့သော် လူတစ်ရပ်ကျော်ကျော် နက်

နေသေးရာ ဒီအတိုင်း ပြန်တက်၍တော့ မရပေ။ ရေတွင်းပျက် မနီးမဝေးတွင် ကစားနေသော ကလေးများက ဖိုးစော ရေတွင်းပျက်ထဲ ကျသွားသည်ကိုမြင်၍ လူကြီးများအား သွားရောက်ပြောပြကြသည်။

လူရွယ်နှစ်ဦး လိုက်သွားပြီး အနီးတွင်တွေ့ရသည့် အခက်များ မသင်ရသေးသော ဝါးနက်ဝါးလုံးကို ထောင်ပေး၍ ဖိုးစောအား ရေတွင်းထဲမှ တက်စေရသည်။

ဖိုးစောသည် ဝါးခက်များကို နင်း၍ တက်လာသည်။

'ရေတွင်း ဘယ်လောက်နက်လဲလို့ ဆင်းကြည့်တာလား ဖိုးစော' ဟု လူရွယ်တစ်ဦးက ဖိုးစောအား လှမ်း၍ နောက်ပြောင်လိုက်သည်။

"အေးကွ လူတစ်ရပ်ကျော်ကျော်လောက်ပဲရှိတယ်"

လူရွယ်က ဖိုးစောအား နောက်ပြောင်ပြောဆိုခြင်းဖြစ်သော်လည်း ဖိုးစောကမူ သူ၏ ဝါသနာအတိုင်း ဟန်ကိုယ့်ဖို့လုပ်၍ ပြန်ပြောလိုက်ခြင်းဖြစ်သည်။

ဖိုးစောသည် ဝါးခက်များနင်း၍ ရေတွင်းပေါ် တက်လာရာ ရေတွင်းဘောင် မြေညီရောက်နေပြီ မသိဘဲ အပေါ်သို့ ဆက်တက်သွားသည်။ လူရွယ်နှစ်ဦးလည်း တစ်ဦးကိုတစ်ဦး

မျက်ရိပ်ပြ၍ အသာကြည့်နေလိုက်ကြပြီး လူတစ်ရပ်ခန့်လွန်မှ လှမ်းသတိပေး၏။

"ဖိုးစော ရေတွင်းဘောင်က အောက်ကျန်ခဲ့ပြီ။ ပြန်ဆင်းဦး"

ဖိုးစော ရှက်သွား၏။ သို့သော် အလျှော့တော့ မပေးပေ။

"သိပါတယ်ကွာ၊ အပေါ်ကလေ တက်ရှုကြည့်တာ။ အမြင့်ကလေက ပိုသန့်တယ်ကွ"

ဖိုးစောသည် ပြန်ဆင်းလာပြီး ရေတွင်းအောက်မြေကြီးနှင့် နီးလာသောအခါ ဘေးသို့ ခုန်ချလိုက်သည်။ ဖိုးစော ခုန်ချလိုက်သော အောက်တည့်တည့်တွင် ခွေးတစ်ကောင်ရှိနေ၍ ခွေးပေါ်ကျသည်။

ခွေးက 'ကိန်'ခနဲ အော်မြည်ကာ ပြေးထွက်သွားသည်။ ဒါကိုပင် ဖိုးစောသည် သူမမြင်၍ ဖြစ်ရသည် ဟု အထင်သေးခံရမည်စိုး၍ ခွေးကို တမင် ကန်ထုတ်လိုက်ပုံမျိုးဖြင့် "သေဟဲ့ခွေး" ဟု ဟန်ကိုယ့်ဖို့ ပြောမိအောင် ပြောလိုက်သေးသည်။

လူငယ်နှစ်ဦးနှင့် အနီးရောက်လာသူများမှာ ခွင့်လွှတ်ရယ်မောကြရင်း ဖိုးစောအား ရွာလမ်းဆီ လမ်းတည့်ပေးလိုက်ရလေ၏။ ■

## ပဋ္ဌင်းလူထွက် ကြက်သတ်ခိုင်းသလို

ရဟန်းပဋ္ဌင်း ဘဝမှ လူထွက်လာကြသူများသည် ရပ်ထဲရွာထဲမှ အရပ်သူအရပ်သားများနှင့် သဘောသဘာဝချင်း မတူညီတတ်သည်မှာ အမှန်ဖြစ်၏။

ပဋ္ဌင်းလူထွက် လူပြန်တော်တိုင်းတော့လည်း ထိုသို့ မဟုတ်ပေ။ တစ်ချို့ လူပြန်တော်များဆိုလျှင် ပဋ္ဌင်းလူထွက် လာသူမှ ဟုတ်ပါစဟု ထင်မှားနိုင်လောက်အောင် မူးမူးရူးရူး ပုံစံဖြင့်ပင် တွေ့ရှိနိုင်လေသည်။ ဤကိစ္စမှာ ငယ်ဖြူ တောထွက် ဒုလ္လဘ စသည် နှိုင်းယှဉ်မှုမျှလောက်နှင့် မှန်ကန်သည် မဆိုနိုင်ပေ။ ရဟန်းပဋ္ဌင်းဘဝ အနေကြာခြင်း မကြာခြင်း (ဝါရင့်ဝါနု)နှင့် ဆက်စပ်နိုင်၏ဟု ထင်ကြေးပြုလျှင် ပိုမိုမှန်ကန်နိုင် မည်ထင်၏။ ဒါကလည်း သေချာလှသည်တော့ မဟုတ်။ များသောအားဖြင့် ရဟန်းဘဝ ဝါရင့်အနေကြာသူများမှာ စရိုက်နှင့်အလေ့အလာ ပုံစံသေပြီး ဖြစ်နေတတ်၍ အသွင် ပြောင်းမရဘဲ ရှိနိုင်၏။ သို့သော် ရဟန်းဘဝကတည်းက လူ့အသွင် လူ့အလေ့အထအတိုင်း ရဟန်းဘဝမပီမသ နေလာခဲ့သော ပုဂ္ဂိုလ်များအား လူ့ဘဝတွင် အရပ်သူ အရပ်သား များနှင့် ပုံစံခွဲမရအောင် ရှိတတ်လေသည်။

လူတစ်ဦး၏ ပြင်ပအမူအရာ အသွင်အပြင်တို့သည် ထိုသူ၏ စိတ်နေစိတ်ထား အတွေ့အကြုံတို့နှင့် ဆက်စပ်ပေ၏။ ထိုသူ သင်ကြားလေ့ကျက်ခဲ့သမျှ နှလုံးသားတွင် နက်ရှိုင်းစွာ စွဲထင်နေသော အရာတို့သည် ထိုသူ၏ ဘဝတစ်သက်တာ ပျက်ပျယ်ဖို့ရာ ခဲယဉ်းလှပါသည်။ ရဟန်းလူထွက်တစ်ချို့ မေးကြည့်ရာ လွန်ခဲ့သော နှစ်ပေါင်း ၃၀-ကျော်က သက်န်းအရုံ သပိတ်အကိုင်အတိုင်း ဆောင်းညအိပ်မက်တစ်ချို့တွင် ပြန်လည်မြင်မက်ခံစားရမိကြောင်း ပြောပြတတ်ကြလေသည်။ လူ့ဘဝ ဒုက္ခ သုက္ခ လောကဓံတို့ကို နှစ်ပေါင်း ၃၀-ကျော် ဖြတ်သန်းပြီးလျက် နှလုံးအိမ်တွင် စွဲထင်နေသေးသည်မှာ ရဟန်းပဋ္ဌင်းဘဝက ရရှိသိမ်းထားသော တရားဓမ္မ အနှစ်သာရက ထိုသူ၏ သန္တာန်ဝယ် မပျက်မပျယ် လွှမ်းမိုးချုပ်ကိုင်ထား၍ပင် ဖြစ်မည်ဟု ယူဆရတော့မည်ဖြစ်ပေသည်။

ရဟန်းပဋ္ဌင်းဘဝတွင် အကုသိုလ်မှုကို ရှက်ကြောက်ရမည်ဟု သင်ယူခဲ့ရ၏။ ရဟန်းတစ်ပါး၏ ဣန္ဒြေသိက္ခာနှင့် ပက်သက်၍ မိန်းမပျိုလေးပမာ အရှက်အကြောက်ကြီးရမည်ဟု သွန်သင်ခံခဲ့ရ၏။ ရဟန်းဘဝ အရပ်ထဲသွားလျှင် အရပ်သူ အရပ်သားများနှင့် ကွဲပြားနေသည်ကို မြင်သူများက သိရှိရုံမက မိမိကိုယ်တိုင်ကလည်း သိရှိပြီး ထိုခံစားမှုဖြင့် 'ငါ အများနှင့်

အတူဘူး။ ငါ့လှုပ်ရှားမှုအားလုံး လူတွေဝိုင်းကြည့်နေသည်’ဟု သမဏသညာအထင်က ရင်ထဲမှာ စွဲပိုက်ထားတတ်၏။ မိမိကိုယ်ကို အထင်ကြီးစိတ်တစ်မျိုးဖြင့် ရဟန်းဘဝ ကာယိန္ဒြေကို ချုပ်ထိန်းနိုင်ခဲ့ကြ၏။ ရဟန်းဘဝမှ အသွင်ပြောင်း၍ လူ့ဘဝ ခံယူခဲ့သည့်တိုင် ထိုအရှက်အကြောက် ကာယိန္ဒြေ စောင့်စည်းမှုတို့က အကျင့်ပါလာခဲ့လေ၏။

ရဟန်းဘဝတွင် သွန်သင်နာယူခဲ့သော တရားဓမ္မအသံတို့ကိုလည်း ထည့်မတွက်၍ မရပါ။ ရောင့်ရဲမှု သည်းညည်းခံမှု မိမိကာယိန္ဒြေချုပ်ထိန်းမှု စသည်ဖြင့် သာမဏေငယ်ဘဝတွင် မင်္ဂလသုတ်ကို သင်ယူစဉ်ကတည်းက အသိရှိထားပြီး ဖြစ်ကြ၏။ ဗုဒ္ဓဘာသာတွင် အဆင့်အမြင့်ဆုံး ကျင့်ကြံမှုဖြစ်သော ဝိပဿနာတရားအထိ ငယ်ငယ်ရွယ်ရွယ်နှင့် လေ့လာပြီး စမ်းသပ်ကြည့်ပြီးဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တ သဘောကို နားလည်ပြီးဖြစ်၏။ ပုထုဇဉ်တို့ဘဝ မခံယူမကျင့်သုံးနိုင်သည့်တိုင် အသိတွင် အသင့်အတင့် ရင့်ကျက်ပြီးဖြစ်၏။ ထိုထက် တိုး၍ အောင်မြင်ကျော်ကြားမှုထက် လက်ရှိအဆင့်မှ နိမ့်လျော မသွားလျှင် တော်ပြီဟူသော ပန်းတိုင်ကို အသေယူထားပြီး အောင်မြင်မှု ဆုံးရှုံးမှု အလျော်အစား အပြုလိုကြပေ။

လူမှုဘဝ သာယာမှု ပျော်ရွှင်မှုများနှင့်သာ နေတော့မည်ဟု ဆုံးဖြတ်ပြီး ရဟန်းပဋ္ဌင်းဘဝကို စွန့်လွှတ်၍ လူထွက်

ခဲ့သော်လည်း တကယ်က ထိုသာယာမှု ပျော်ရွှင်မှုများကို တစ်နေ့တွင် အားလုံးစွန့်ပယ်ခဲ့ရမည်ဟူသော အသိအမြင်က လူငယ်တစ်ဦး၏စိတ်ကူးထက် ကျော်လွန်သိရှိနေ၏။ ထို့ကြောင့် ပဥ္စင်းလူထွက်များမှာ ရပ်ထဲရွာထဲ လူမှုဘဝအတွင်း နေရာတကာ တွန့်ဆုတ်မှု နှေးကွေးမှု အားမရမှု ထိုမှတစ်ဆင့် ညံ့ဖျင်းမှုအထိ အများ၏အဲထင်သေးခြင်းကိုလည်း ခံကြရပေ၏။

ရဟန်းပဥ္စင်းဘဝဖြင့် စားသောက်နေထိုင်ရာတွင်လည်းကောင်း၊ ပစ္စည်းပစ္စယ သုံးစွဲရာတွင်လည်းကောင်း ကျင့်ဝတ်များနှင့်အညီ အဆင့်မြင့်မြင့် နေထိုင်စားသောက်သုံးစွဲခဲ့ရ၏။ ရဟန်းပဥ္စင်းဘဝမှ လူ့ဘဝလဲခဲ့ရာ ထိုအရာအားလုံးကို စွန့်လွှတ်၍ ဘဝကို တစ်ကပြန်စခဲ့ရသည်။ ထိုအခါ မြင့်တက်နေသော စိတ်နေစိတ်ထား မာန်မာနကို ရုတ်တရက် ပြန်ချမရဘဲ ပတ်ဝန်းကျင်နှင့် ဖီလာဖြစ်လာရသည်ကိုလည်း တွေ့ရှိရ၏။ မပြည့်မစုံ လောက၏ သဘာဝ အနေအထိုင် အစားအသောက်တို့၌ ဇီဇာကြောင်သူတစ်ဦး၏ အတွေ့အကြုံတို့နှင့် ရင်ဆိုင်ရလေ၏၊ ရပ်ကွက်ထဲ ရန်ဖြစ်ခြင်းမျိုးကိုလည်း အလွန်ရှက်တတ်ရာ အော်ကြီးဟစ်ကျယ် ရန်ဖြစ်တတ် နှုတ်လုံ့ထိုးတတ်သော အမျိုးသမီးများနှင့် အိမ်ထောင်ဖက်မိသော ပဥ္စင်းလူထွက် တစ်ဦး၏ ဘဝကား ဘဝအရှုံးသမားဖြစ်၍ နေတော့လေ၏။ ပုထုဇဉ် လောကသားတို့၏ လူမှုရေး

စီးပွားရေးများ၌ အကုသိုလ်နှင့်မကင်းသော ကဏ္ဍများ တစ်ခု မဟုတ်တစ်ခု ပါနေကြ၏။ လောကအတွင်း သူ့ထက်ငါ စီးပွား ရှာရာ၌ ထိုအချက်သည်လည်း ပဋ္ဌင်းလူထွက်အဖို့ တစ်ပန်းရှုံး နေတတ်၏။

ကိုခင်မောင်လွင်သည်လည်း ပဋ္ဌင်းလူထွက်တစ်ဦးဖြစ် ၏။ နာမည်ရင်း ခင်မောင်ဖြစ်သော်လည်း လူထွက်စဉ်က ခေတ်မီ အောင်ဆိုပြီး နောက်မှ 'လွင်' တစ်လုံးတိုး၍ ခင်မောင်လွင် ဟု အမည်ခံယူခဲ့၏။

ကိုခင်မောင်လွင်သည် ကိုယ်ဒူးကိုယ်ချွန် ဘဝကို နှစ်သက်သဖြင့် ရုံးပြင်ကန္နားဝင်လုပ်ရန် စိတ်မကူးခဲ့။ အများ တကာတွေလို ငွေကုန်ကြေးကျခံမည့်သူရှာ၍ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ရန်လည်း စိတ်မပါပေ။ ပြည်တွင်း၌ပင် ငွေအတန်အသင့်ကိုင်၍ အိမ်ပွဲစား၊ မြေပွဲစား၊ အရောင်းအဝယ် ပွဲစားလုပ်ငန်းမျိုး စိတ်ဝင်စားခဲ့၏။

ကိုခင်မောင်လွင်၏ ပတ်ဝန်းကျင်သည် ပွဲစားလောက ဖြစ်၍ ပွဲဖြစ်သည့်အခါမျိုးတွင် တစ်ခါတစ်ရံ အရက်သေစာ သောက်စားမူးယစ်ခြင်းမျိုး ပါဝင်တတ်လေသည်။ လုပ်ဖော် ကိုင်ဖက်မိတ်ဆွေများကလည်း ပဋ္ဌင်းလူထွက်အား ဝါသနာတူ ဖြစ်အောင် တဖြည်းဖြည်း သိမ်းသွင်းထားကြသဖြင့် အနည်းငယ် ဝါရင့်လာပြီဖြစ်၏။

အလုပ်ပိတ်ရက်တစ်ရက်တွင် သူငယ်ချင်းများစု၍ အိမ်တစ်အိမ်၌ စားကြသောက်ကြရန် စီမံထား၏။ ပျော်ပျော်ပါးပါး ညဖက်ထမင်းချက်စားကြမည်ဖြစ်၍ ကြက်အရှင်တစ်ကောင်လည်း ရထား၏။ ထိုနေ့က ကြက်ရှင်ကို သတ်ရန်ပြုပြီးမှ သူငယ်ချင်းများသည် အကြံတစ်ခုရကြပြီး ပဥ္စင်းလူထွက်အလာကို စောင့်ဆိုင်းနေကြလေသည်။

မကြာမီ ရောက်ရှိလာသော ပဥ္စင်းလူထွက်အား ကြက်အရှင်သတ်ရန် တာဝန်ကို အားလုံးသဘောတူ တာဝန်ချကြလေသည်။ ပဥ္စင်းလူထွက်အဖို့ အကြီးအကျယ် အကြပ်အတည်းနှင့်ကြုံလေ၏။ ကြက်တစ်ကောင်ကို သတ်စားဖို့နေနေသာသာ ရဟန်းဘဝက မြင်ခြင်း ကြားခြင်း ယုံမှားခြင်းတစ်ခုခု ရှိပါက ထိုအသားကို စားခြင်းမှ ရှောင်ကြဉ်ရန် ပညတ်ချက်ကို လိုက်နာခဲ့ရသော ပဥ္စင်းလူထွက်အဖို့ ဝန်လေးစရာကြီးဖြစ်နေတော့၏။

"မလုပ်ပါနဲ့ကွာ၊ ဒါတော့ သည်းခံကြပါ။ သောက်တာစားတာတောင် မင်းတို့သင်ပေးလို့ နဲနဲဖြစ်လာတာပါ"

သူငယ်ချင်းများက သောက်ဖက်များဖြစ်၍ မရ။

"မရဘူးကွာ သောက်တာ သင်ပေးလို့ရခဲ့ရင် သတ်တာလဲ သင်ပေးရင် ရတာပဲ။ ခင်ဗျားတာဝန်ပဲ။ ခင်ဗျားမလုပ်ရင် ဒီနေ့ပွဲပျက်သွားလိမ့်မယ်"

"မဖြစ်ဘူးကွာ။ ဒါတော့ မလုပ်ပါရစေနဲ့"

"ကျုပ်တို့အားလုံးရဲ့ ဆန္ဒဗျာ။ ကိုခင်မောင်လွင် မငြင်းသင့်ဘူးဗျာ။ အရက်ဝယ်လဲ ခင်ဗျားရှက်လို့ မဝယ်ရဲဘူး။ ကြက်သတ်လဲ ကျုပ်တို့ပဲဆို ဘယ်တရားမလဲ။ ကြက်သတ်တာပဲဗျာ ဘာခဲယဉ်းတာမှတ်လို့။ ကြက်မျက်နှာကို မကြည့်ဘဲ ခြေထောက် နှစ်ချောင်းကိုင်ပြီး ခေါင်းကို တိုင်နဲ့ရိုက်လိုက်။ သာသာပဲ။ နှစ်ချက်သုံးချက် မပိုဘူး။ ကဲ-လုပ်လုပ် ကြက်ကြိုးဖြုတ်ပေးလိုက်ကွာ"

သူငယ်ချင်းသောက်ဖက်များက သူ့အား စနေကြမှန်း ကိုခင်မောင်လွင် သိပါ၏။ သို့သော် သောက်ဖက်များက တစ်ယောက်တစ်ပေါက်ဝိုင်း၍ အနိုင်ကျင့် ပြောနေကြသောအခါ ပဥ္စင်းလူထွက် ကိုခင်မောင်လွင်သည် ပွဲပျက်လျှင်ပျက်ပါစေ နေရာမှ ထွက်ပြေးချင်လာ၏။

ကိုခင်မောင်လွင်အဖို့ အကြီးအကျယ် ကံကောင်းသွားသည်ပဲ ပြောရတော့မည်။ သောက်ဖက်သူငယ်ချင်းတစ်ဦးက ကိုခင်မောင်လွင် သတ်ပေးရန်ဟု ချည်ထားသော ကြက်ကိုကြိုး ဖြုတ်ပေးရာ ကြက်မှာ ကြိုးလွတ်၍ ထွက်ပြေးသွားလေ၏။

ရက်ကွက်ကလေးများက ကြက်ကိုဝိုင်းလိုက်ကြပြီး ဆူဆူညံညံဖြင့် ဟိုဘက်အိမ်အောက်တွင် ကြက်ကို ဖမ်းမိသွားသော်လည်း ကလေးများက တုတ်များ ခဲများဖြင့် ပစ်ပေါက်ရိုက်ဖမ်းကြခြင်းဖြစ်၍ ကလေးများလက်ထဲတွင်ပင် ကြက်မှာ

အသက်ပျောက်နှင့်ပြီ ဖြစ်သွား၏။ ရဟန်းလူထွက်အဖို့ မဟာ့မဟာ အခက်အခဲအတွက် အသက်ရှူထွက်ပေါက် ရသွားခဲ့လေတော့၏။

ထိုနေ့က ယမကာခပ်မူးမူးနှင့်မို့သာ ကြက်သားဟင်းကို စားဖြစ်ခဲ့သော်လည်း ကိုခင်မောင်လွင်၏ မျက်စိထဲတွင် ကြက်သူငယ်၏ ညိုးငယ်နေသော ရုပ်သွင်က မထွက်။ လိမ်လည် လှည့်ဖျားပြောဆိုခြင်း မုသာဝါဒကံဖြင့် အရောင်းအဝယ် အောင်မြင်၍ သောက်စားမူးယစ် ပျော်ပါးခြင်း သုရာမေရယ အကုသိုလ်ကံသည် ကြက်သတ်ခြင်း ပါဏာတိပါတကံအထိ ကျူးလွန်မိတော့ရန် သီသီလေး လွဲခဲ့၏။

ဒီပွဲနောက်ဆုံးပြီးပါက အရက်သေစာ သောက်စားမူးယစ်ခြင်း ပါဝင်သည့်ပွဲကို ပါဏုပေတံ အသက်ထက်ဆုံး ရှောင်ကြဉ်တော့မည်ဟု ကိုခင်မောင်လွင် စိတ်ထဲ၌ ဆုံးဖြတ်ပြီး နေ၏။ ထိုဆုံးဖြတ်ချက်ကို ထုတ်မပြောသဖြင့် ကိုခင်မောင်လွင်၏ မိတ်ဆွေများ မသိရှိကြဘဲ ကိုခင်မောင်လွင်အား 'ပဥ္စင်းလူထွက် ကြက်သတ်' ခိုင်းခြင်း အောင်မြင်ရေးအတွက် နောက်တကြိမ် ကျိတ်၍တိုင်ပင်ထားကြလေသတည်း။ ■

--------



မိန်းမရတဲ့နေ့ ကင်းကျ

## မိန်းမရတဲ့နေ့ ကင်းကျ

တစ်ခါက ပဥ္စင်းလူထွက်တစ်ဦးသည် အားရက် တစ်ရက်တွင် မရောက်သည်မှာ အတော်ကြာပြီဖြစ်သော ငယ်ဆရာရင်း ဘုန်းကြီးကျောင်းသို့ သွားရောက်လည်ပတ် လေသည်။

အချိန်မှာ သီတင်းကျွတ်ပြီးစ ကထိန်ပွဲကာလ ဘုန်းကြီးဆူတုန်း တန်ဆောင်မုန်း အချိန်အခါဖြစ်သည်။

ဦးစွာ ဆရာတော်အား ဦးချ၍ ဆရာတော်နှင့် အလာပသလ္လာပပြောဆို အဆုံးအမခံယူသည်။ ဆရာတော်အား ဆွမ်းကပ်အလှူမှ လာရောက်ပင့်ထောက်ကြသဖြင့် ဆရာတော်နှင့် စကားဖြတ်ခဲ့ပြီး တိုက်အုပ်ဘုန်းကြီး သီတင်းသုံးရာ သိမ်ကျောင်းသို့ လာခဲ့သည်။ တိုက်အုပ်ဘုန်းကြီးမှာ ဝါတော်မကြီးလှသေး၊ ပဥ္စင်းလူထွက်နှင့်လည်း ရှေ့နောက်စာသင်ဖက်ဖြစ်၍ ရင်းနှီးလှသည်။

ပက်လက်ကုလားထိုင်ပေါ်တွင် ခြုံထည်သက်န်းလေး ခြုံ၍မှိန်းနေသော တိုက်အုပ်ဘုန်းကြီးအား ဖူးတွေ့ရ၍ 'နေလို့မှ ကောင်းရဲ့လား' ဟု ပဋိသန္ဓာရစကား ပလ္လင်းလူထွက်ထင်မိလေ၏။

"ဘုန်းကြီး နေကောင်းရဲ့လားဘုရား။ တပည့်တော်လဲ အလုပ်မအားတာနဲ့ ကျောင်းမရောက်တာ အတော်တောင် ကြာသွားပြီဘုရား"

"ထိုင် ထိုင် ကိုယ့်ဒကာ။ မလာတာကြာလို့တောင် ဒကာမှ နေကောင်းရဲ့လားလို့။ မအားလဲ လာလိုအနီးလေးပါဗျာ။ ဘုန်းကြီးလဲ ခါတိုင်းနေကောင်းပါတယ်။ ဒီနေ့မှ ဘာအစားမှားသွားတယ် မသိဘူး ဝမ်းသွားထားလို့ လူနုန်းနေတယ်။ ခုတော့ ဝမ်းကရပ်သွားပါပြီ။ ဆေးတွေလဲ သောက်ထားတယ်။ ဒီနေ့ ကျောင်းပိုင်းရပ်ကွက် ဆွမ်းဆန်စိမ်းလောင်းပွဲ အလှူခံကြွဖို့ ရှိတာတောင် ကိုယ်စားတစ်ပါး လွှတ်ထားရတယ်။ မနက်အရုဏ်တုန်းကလဲ သင်္ကန်းပရိက္ခရာဆိုင်ကြီးက ကျောင်းသံဃာကုန် အထူးပင့်တာကွ။ ဝမ်းသွားနေတော့ ဘယ်လိုက်နိုင်တော့မလဲ"

"ဟုတ်လားဘုရား။ ဒီလိုဆို မိန်းမရတဲ့နေ့မှ ကင်းကျတာပေါ့ဘုရား"

"ဘာကိုလဲ ကိုယ့်ဒကာရဲ့ မိန်းမယူတာနဲ့ မြွေတွေ ကင်းတွေနဲ့ ဘယ်လိုပက်သက်သတုံး"

"အဲဒီကင်း ပြောတာမဟုတ်ဘူးဘုရား။ ရေကင်း မီးကင်းလို လုံခြုံရေးစောင့်ရတဲ့ကင်း ပြောတာဘုရား။ မိန်းမ ရတဲ့နေ့ဆိုတော့ အဲဒီည သတို့သမီးနဲ့အတူ စ,အိပ်ရမယ့်ည ပေါ့ဘုရား။ စိတ်လှုပ်ရှားရမယ့် အဲဒီအချိန်ကြမှ ကင်းလှည့် ကျပြီး အိမ်မှာမအိပ်ရဘဲ ကင်းသွားစောင့်နေရတော့ တစ်မျိုးကြီးပေါ့ဘုရား"

"ဩော်-ဒါကိုး။ ဟုတ်ပ ဟုတ်ပ။ အေး တို့ဘုန်းကြီး လောကစကားနဲ့ဆိုရင်တော့ မွန်းလွဲမှ ဆွမ်းပွဲလာကပ်ခံရတာ မျိုးလားဗျာ။ ဒကာလာမှပဲ ရယ်စရာ ပြောရပေတယ်"

တိုက်အုပ်ဘုန်းကြီးက သူ့စကား သူသဘောကျပြီး ကွမ်းမြုံ့ရင်း ရယ်သွမ်းလေ၏။

ပဥ္စင်းလူထွက် ဒါယကာမှာ တိုက်အုပ်ဘုန်းကြီးနှင့် အပျင်းပြေ ထိုင်စကားပြောနေရပြီး အချိန်လွန်သဖြင့် ကျောင်း မှာပင် နံနက်စာကို ဆွမ်းကျန်ကွမ်းကျန်ဖြင့် ပြီးလိုက်ရ၏။

တိုက်အုပ်ဘုန်းကြီး နေ့လယ်နေ့ခင်း ကျိန်းစက် အနား ယူတော့မည်ဖြစ်၍ ထပြန်တော့မည်အလုပ် ပဥ္စင်းလူထွက်

ဒါယကာအဖို့ ကြုံတုန်းကြုံခိုက် အကူအညီပေးရမည့် ကိစ္စ ပေါ်လာသည်။ ကျောင်းပိုင်းရပ်ကွက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အလှူခံကြွမည့် သံဃာများနောက်မှ ကပ္ပိယကျောင်းသား ဦးဆောင်မှုအားနည်းနေ၍ လိုက်ကူညီပေးရန် တိုက်အုပ်ဘုန်းကြီးကပင် ဝါဝန်ချလေ၏။ ပဥ္စင်းလူထွက်ဒါယကာမှာ အခြားသွ..ရန်ကိစ္စ ဖျက်၍ လိုက်ပါသွားရ၏။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲပြီး၍ ကျောင်းပြန်ရောက်တော့ ညနေ ၅-နာရီထိုးလေပြီ။

ကပ္ပိယကျောင်းသားအဖြစ် ကူညီဆောင်ရွက်ပေးသည့်အတွက် တိုက်အုပ်ဘုန်းကြီးက မေတ္တာဖြင့် ဆပ်ပြာ ဆပ်ပြာခွက် သွားတိုက်ဆေး စသည်တို့ကို စွန့်ကြသည်။ ထို့ပြင် မီးဒုံး (နှင့်) ဧည့်မထရောရာ ဆန် ၃-ပြည်လောက်လည်း အတင်း ထည့်ပေးလေ၏။

ပဥ္စင်းလူထွက်ဒါယကာသည် ပြန်တော့မည်ဖြစ်၍ တိုက်အုပ်ဘုန်းကြီးအား ဦးချနှုတ်ဆက်သည်။

"အရှင်ဘုရားက 'မိန်းမရတဲ့နေ့ကင်းကျ'တယ် ဘုရား။ တပည့်တော်ကတော့ 'ငပိသည်ကို လူမှားနှုတ်ဆက် မိတာနဲ့ ငပိ ဟင်းစားရလိုက်သလို ဖြစ်သွားပြီ ဘုရား"

"ကိုယ့်ဒကာကလဲ လင်းစမ်းပါဦး"

"တပည့်တော် ဒီနေ့အလုပ်အားလို့ ဘုန်းကြီးကျောင်း သွားမယ်လို့ မိန်းမကိုပြောပြီး အိမ်ကထွက်တော့ ထမင်းချက် စရာဆန်ကုန်နေလို့ ဘုန်းကြီးကျောင်းကပြန်ရင် ဈေးထဲက ဆိုင်မှာ ဆန်သုံးပြည်လောက် ဝယ်ခဲ့ဖို့ မှာလိုက်တယ်ဘုရား။ ခုဆန်ကို ဘုန်းကြီးကစွန့်လိုက်တော့ မဝယ်ရတော့ဘူးပေါ့ ဘုရား။ အရပ်ထဲမှာ ငပိလယ်ရောင်းတဲ့ ငပိသယ်ကို အိမ်ရှေ့ မှာ လူများ နှုတ်ဆက်မိတာ။ ငပိသည်ကလည်း ဇဝေဇဝါနဲ့ သူ့ အသိမှတ်ပြီး ရောင်းနေတဲ့ ငါးပိထဲက ဟင်းစားပေးပစ်ခဲ့လို့ ငပိ အလကား ရလိုက်သလိုပေါ့ ဘုရား။ တပည့်တော်လဲ အလုပ်ပိတ်ရက် ကျောင်းလာလိုက်တာ အလာကောင်း ကျောင်းဝေယျာဝစ္စ အကူကောင်း ဖြစ်သွားလို့ပါ ဘုရား။ တပည့်တော်ကို ခွင့်ပြုပါဦးဘုရား။"

"အေး ဒကာရယ်၊ ကိုယ့်ဒကာလာမှ အဲလို ရယ်စရာ လေးတွေ ကြားရ ရယ်ရတယ်။ ကျောင်းကို မမေ့ပါနဲ့ဟာ။ မကြာ မကြာလာခဲ့ပါဦး။ အေး-ပြန်ပေဦး ပြန်ပေဦး"

ပဥ္စင်းလူထွက် ဒါယကာသည် ဘုန်းကြီးအား ဝတ်ပြု နှုတ်ဆက်ထွက်ခွာခဲ့၏။ တိုက်အုပ်ဘုန်းကြီးသာလျှင် သိမ် ကျောင်းထဲတွင် တစ်ပါးတည်း ကျန်ရစ်ခဲ့လေ၏။ ■

# ဒုလ္လဘာ ဦးပဉ္စင်းသုံးပါး

- သိမ်ဆင်းပြီးနေ့ မပျော်မွေ့၍
ရက်မစေ့ခင်၊ လူထွက်ချင်ကာ
ကြင်ယာဇနီး၊ ခေါ်တွေ့ပြီးလျှင်
ဇွတ်ကြီးပြင်ဆင် ခိုင်းတော့သည်-
ဦးပြင်ဆင် ပါဘုရား။

- သိမ်ဆင်းပြီးနေ့ စိတ်ငြီးငွေ့ဟု
ပုတီးမကိုင်၊ မထိုင်တရား
တဝါးဝါးသမ်း၊ ကြမ်းတွင်ကျောခင်း
ပျင်းစင်းခုတင် ကျင့်တော့သည်-
ဦးပျင်းစင်း ပါဘုရား။

- သိမ်ဆင်းပြီးနေ့ စိတ်ငြီးငွေ့ဟု
လူ့ဘဝတွင်၊ အမျှင်မပြတ်၊ တရစပ်ရှုပ်
သူ့အလုပ်များ၊ ခုမှနားဟု
အိပ်စားနှစ်လီ ကျင့်တော့သည်-
ဦးပင်စင် ပါဘုရား။

- ရခဲပေစွ၊ ဒုလ္လဘာဟု
ဗုဒ္ဓအမွေ၊ ခံယူပေလည်း
ဓမ္မနည်းယူ၊ ကျင့်မှုမရှိ
အသိမလိုက်၊ စရိုက်မပြင်
အရှင်သုံးပါး၊ ပဥ္စင်းများတို့
ဘုရားအမွေ၊ မရပေတောင်း၊ စုချုပ်ပေါင်းက
ဟောင်းလောင်းပုံရမီ ဖြစ်တော့မည်-
ဦးတင်ပါသည်ဘုရား။

(ဘိုးရာဇူ)



## အမှားမထင်တဲ့ အကြားအမြင်

စာသင်တိုက်ဆရာတော်သည် ကိစ္စတစ်ခုခိုင်းပြီဆို လျှင် တပည့်ရဟန်းသာမဏေတို့အား အမြဲဆုံးမလေ့ရှိ၏။

" ဟိုကောင် -- ဒင်း အထင်နဲ့ လုပ်မလာခဲ့နဲ့နော်၊ ကြားတာ မြင်တာ ထင်တာနဲ့လဲ ဟုတ်ပြီမမှတ်နဲ့ဦး။ ပြီးတော့ ကြားတာမြင်တာထင်တာနဲ့တင်လဲ ရပ်မပစ်လိုက်နဲ့ဦးနော၊ အချိန်ရအောင် ယူပြီး သတင်းပြန်ပို့ပြီးမှ တာဝန်ပြီးဆုံးပြီလို့ မှတ်ပါ"

ဆရာတော်က တပည့်ကိုရင်အား ကိစ္စတစ်ခုခိုင်းလိုက် ၏။ ဟုံ့ရောက်တော့ ကိစ္စက ပြီးနေပြီ။ ထိုအခါ တပည့်ကိုရင် သည် ဆရာတော်ထံ သတင်းပြန်မပို့တော့ဘဲ ကိစ္စပြီးနေ ကြောင်း ဆရာသိလောက်ပါပြီဟူသော (အထင်) ဖြင့် ရပ်ပစ် လိုက်၏။ ဆရာတော်မှာ တပည့်ကိုရင်ထံမှ သတင်းမရဘဲ အချိန်ကုန်သည်အထိ စောင့်နေ၏။ ထိုနေ့အဖို့ ထိုကိစ္စနှင့် ပက်သက်၍ ဆောင်ရွက်ဖွယ် မဖြစ်နိုင်တော့ရာ နောက်နေ့တွင် ထိုကိစ္စ ဆောင်ရွက်မရတော့ပေ။ တပည့်၏ 'ထင်' တစ်လုံး ကြောင့် လက်လွှတ်ဆုံးရှုံးခံလိုက်ရခြင်းမျိုး ဖြစ်၏။

စင်စစ်ပုထုဇဉ်တစ်ဦးအဖို့ နားဖြင့်မကြားရသော မျက်စိဖြင့် မမြင်ရသော စိတ်အတွင်းမှ 'အထင်' ကိစ္စသည် အမှန်နှင့် နီးစပ်ဖို့ရာ အလွန်တရာမှ ခဲယဉ်းလှပေ၏။ နားဖြင့်ကြားရသော မျက်စိဖြင့် မြင်ရသော ကိစ္စများသည်ပင် တစ်ခါတစ်ရံ အကြားအမြင် အဆင့်ဆင့်လွှဲမှားတတ်သေးရာ သတိအသိနှင့် ချင့်ချိန်၍ ဆုံးဖြတ်မှုပြုနိုင်မှ တော်ကာကျပေ၏။

သားသမီး (၈)ယောက်တို့၏ မိခင် မြေး ၁၄-ဦးတို့၏ အဖွားဖြစ်သူ အဖွားခင်သည် သားထွေးအိမ်၌ နေ၏။ တစ်နေ့တွင် 'အဖွားခင်တစ်ယောက် တရုတ်ရိုက်၍ မူးလဲသွားသည်' ဟူသော သတင်းသည် အဖွား ခင်၏ သားသမီးများ နေထိုင်ရာ နေရာအရပ် အသီးသီးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။

အဖွားခင်၏ သားသမီးများ တူတူမများ၊ မြေးမြစ်များ စုရုံး၍ အဖွားခင်နေထိုင်ရာ ရပ်ကွက်လမ်းထဲသို့ တပ်ချီ၍ ဝင်လာသည်။ လမ်းထဲတွင် တရုတ်လူမျိုး နှစ်အိမ်သုံးအိမ်ရှိရာ ဓားတဝင့်ဝင့်၊ တုတ်တဝင့်ဝင့် ဆဲဆို ကြိမ်းမောင်းဝင်လာကြသဖြင့် ရပ်ကွက်ဆူသွားဖူး၏။ ရပ်ကွက်လူကြီးများ ပြည်သူ့ရဲတပ်ဖွဲ့များ ရောက်ရှိလာရသည်အထိ ကြီးကျယ်ပြီးမှ အဖြစ်မှန်သိရှိရပြီး ငိုအားထက် ရယ်အားသန်ဆိုသလို ဖြစ်ကြရတော့၏။

အမှန်မှာ အသက်၈၀-နှစ်ရှိ အဖွားခင်သည် ရေချိုး စည်တွင် ရေသွားချိုးပြီး၍ အပြန် အိမ်ပေါက်ဝသို့ရောက်သော် ရေစိုနှင့် ချောပြီး လှေကားခုံကို ခလုတ်တိုက်၍ ချော်လဲရာ နဖူးကွဲ၍ ဒူးပြဲသွားခဲ့ သည်။ ထို "ခလုတ်တိုက်၍ ဒူးပြဲသည်" ဟူသော သတင်းသည် တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် တစ်မှုဟုတ်ချင်း ပြန့်ကားသွားရာ အခြားရပ်ကွက်တွင် နေထိုင် ကြသော အဖွား ခင်၏ သားသမီးများ တူတူမများ မြေးများနား သို့ ရောက်ရှိသောအခါ "အဖွားခင် တရုတ်ရိုက်၍ မူးလဲသည်" ဟု အဓိပ္ပာယ် ပြောင်းလဲသွားခဲ့ခြင်းပါတည်း။

ဤသည်မှာ နားအကြား လွဲချော်ခြင်းမှ သတင်းမှားသို့ ရောက်ရှိသွားခြင်း ဖြစ်ပေ၏။ နားကြား မမှားစေကာမူ အထင်လွဲချော်ပါကလည်း သတင်းမှားကို ပြောင်းလဲသွားနိုင် သေး၏။ အကြားမှားမိသောကြောင့်သာ မဟုတ်၊ အမြင်မှား အထင်မှားကြောင့်လည်း လွဲချော်မှားယွင်းတတ်သေး၏။

တစ်ခါက မြို့နယ် ဘာသာရေးအသင်းကြီးတစ်ခုက မြို့နယ်အတွင်းရှိ ပရိယတ္တိစာပေကျမ်းဂန် တတ်ကျွမ်းသည့် ဆရာတော်ကြီးများအား ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ရန် စာရင်းကောက်ယူ၏။ ဆရာတော်ကြီးများက ကျမ်းဂန်တတ် သီလရှင်ဆရာကြီးများကိုပါ ဘွဲ့တံဆိပ်တော်

များ လျှုဒါန်းပေးရန် ရည်ညွှန်းသြဝါဒ ပေးသဖြင့် စာရင်း ကောက်ယူ ရာ သီလရှင် ဆရာကြီးသုံးပါး ရရှိသည်။

ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ အခမ်းအနားနေ့တွင် မြို့နယ်အတွင်း ဘွဲ့အလှူခံရန် သံဃာတော်များရော သီလရှင် ဆရာကြီးများပါ ကိုယ်တော်တိုင် ကြွရောက်ပါရန် ဖိတ်ကြား ထားပါလျက် သီလရှင် ဆရာကြီး တစ်ပါးမှာ ကိုယ်စား ကြွ ရောက်လာ၏။ ထိုအကြောင်း အခမ်းအနားပြုလုပ်နေသည် အထိ သီလရှင်ဆရာကြီး၏ကိုယ်စား သီလရှင်တစ်ပါး ပါနေ သည်ကို မသိကြ။

အခမ်းအနား အစီအစဉ် နောက်ဆုံးပိုင်း ရောက်ခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားတော့မှ ဘွဲ့ဆက်ကပ် လှူဒါန်းခံရသည့် သီလရှင် ဆရာကြီးမှာ လွန်ခဲ့ သည့် ၅- နှစ်ခန့်က ကွယ်လွန်ခဲ့ပြီးသော သီလရှင်ကျောင်း တိုက်၏ ပဓာနနာယက ဆရာကြီးဖြစ်နေကြောင်း သိရှိကြရ လေ၏။ ကိုယ်စား တက်ရောက်သည့် သီလရှင်က ကွယ်လွန်ပြီး သည့် သူတို့၏ ပဓာန ဆရာကြီးအား ယခုကဲ့သို့ အသိအမှတ်ပြု လျက် ဘွဲ့ဆက်ကပ်ပေးသည့်အတွက် အထူးကျေးဇူးဇာင်ရှိ ပါကြောင်း ကျေးဇူးတင်စကား ပြောကြားလေ၏။

အသင်းလူကြီးများ ခေါင်းချင်း ရိုက်ကုန်ကြ၏။ အခမ်းအနား သဘာပတိက အချိန်မီ မသိရှိလိုက်ကြသည့်အတွက် ဘယ်လိုက ဘယ်လို မှားယွင်းသွားသည်ကို မစဉ်းစားနိုင်အောင် ဖြစ်သွားကြ၏။ ကွယ်လွန်ပြီးသူအား ဘွဲ့ဆက်ကပ်ပေးခြင်းမှာ သံဃာပရိသတ် လူပရိသတ်အကြားတွင် သောသောရုတ်ရုတ် ရယ်စရာကြီး ဖြစ်သွားလေတော့၏။

အသင်းလူကြီးများမှာ ခေါင်းမဖော်နိုင်အောင်ပင် အရှက်ရကြသည်။ အမှားအယွင်းအတွက် ကွင်းဆက်များကို လိုက်ရှာကြရတော့၏။ သူ့လွှဲ ကိုယ့်လွှဲ ငြင်းခုံကြသည်မှ နောက်ဆုံးတွင် အဖြစ်မှန် အဖြေမှန်ကို ရရှိကြလေ၏။ ထိုအခါတွင် ငိုအား ထက် ရယ်အားသန် ဖြစ်ကြလေတော့၏။

မူလ စာရင်းပေးသူက ထိုသီလရှင်ကျောင်းတိုက်မှ ပဓာန နာယကဆရာကြီး၏ ဘွဲ့အမည် ဒေါ်ဟေမာရီကို ရေးပေးလိုက်၏။ ထိုစာရင်းကို တဆင့်ကူးယူရာ ဘွဲ့နာမည် အက္ခရာ (ဟေ) ကို (ဟာ) အက္ခရာထင်မှတ်ပြီး (ဒေါ်လာမာရီ) ဟုရေးကူးလိုက်၏။ တစ်ဖန် နောက်တစ်ဆင့် ရေးကူးသူက ဒေါ်လာမာရီတော့ မဖြစ်နိုင်၊မကြားဘူး။ ဖြစ်ကောင်းဖြစ်နိုင်သည်မှာ ဒေါ်မာလာရီသာ ဖြစ်ရပေမည်ဟု (ဒေါ်မာလာရီ) ဟု ပြုပြင်ရေးသွင်းလိုက်သည်။

ဒေါ်မာလာရီ

ပဓာနနာယကဆရာကြီး

---------- သီလရှင်ကျောင်းတိုက်

သီလရှင် ဆရာကြီးအမည် ဒေါ်ဟေမာရီက ဒေါ်မာလာရီဖြစ်ချေသောအခါ လက်ရှိပဓာနဆရာကြီး မဟုတ်တော့ဘဲ လွန်ခဲ့သော (၅)နှစ်က ထိုသီလရှင်ကျောင်းမှ ကွယ်လွန်သွားသော ပဓာန ဆရာကြီး ဒေါ်မာလာရီ ဖြစ်သွားတော့၏။

ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ် ဆက်ကပ်ပွဲ ဖိတ်ကြားစာရရှိသောအခါ စာအိတ်ပေါ် အမည်ကြည့်၍ သီလရှင်ဆရာကြီး ဆရာလေးများက ကွယ်လွန်သူ သီလရှင်ဆရာကြီး ဒေါ်မာလာရီအား ပြန်လည် အသိအမှတ်ပြုပြီး ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းဖြစ်သည်ဟု မှတ်ယူလျက် ထိုဘွဲ့ ဆက်ကပ်ပွဲသို့ ကျောင်းတိုက် သီလရှင်တစ်ပါးအား ကိုယ်စားပြု စေလွှတ်၍ ဘွဲ့တံဆိပ်ဆက်ကပ် အလှူခံစေခြင်း ဖြစ်ပါသတည်း။



# နာမည်ရှေ့မှ အကွာရာတိုးချင်သူများ

ကျောင်းစည်းရိုး ကာရံခြင်းကိစ္စနှင့် ပတ်သက်၍ ကျောင်းနှစ်ကျောင်းမှ သိက္ခာဝါတူ ဘုန်းတော်ကြီးနှစ်ပါး အချင်းများရန်ဖြစ်ကြ၏။

ကျောင်းနှစ်ကျောင်း မြေဂရံတစ်ခုတည်းဖြစ်နေပြီး သံဃာလေး ငါးပါးသာရှိသည့် အနောက်ကျောင်း ဘုန်းတော်ကြီး၏လက်ဝယ်တွင် ထိုဂရံကိုင်ထားသည်။ စာသင်တိုက်ဖြစ်စ တပည့်သာမဏေ ၃၀-ပါးခန့်ရှိ အရှေ့ကျောင်းက ဦးဆောင်၍ ကျောင်းနှစ်ကျောင်းအကြား ပျက်နေသော စည်းရိုးကို အသစ်ကာရံသည်။ ထိုကိစ္စကို မြေဂရံကိုင်ထားသော အနောက်ကျောင်း ဘုန်းတော်ကြီးက သူ့အား တိုင်ပင်ညှိနှိုင်းခြင်း မပြုရကောင်းလား ဟု စကားဆိုရာမှ မခြေမင်စတင် ဖြစ်ကြခြင်း ဖြစ်လေ၏။

ပုထုဇဉ်များဖြစ်၍ ဒေါသ အာဃာတမပယ်နိုင်သေးသော ရဟန်းတော်နှစ်ပါး ရန်ဖြစ်ရာ လူများကဲ့သို့ ရိုင်းရိုင်းပြပြ မဟုတ်ကြ။ အော်ကြီးဟစ်ကျယ်လည်း မပြောကြ။ ခိုက်ရန်ဖြစ်သည်ဟုပင် မထင်ရဘဲ စာထဲပေထဲတွင် စာစကားပြောသလို မျိုး ဖြစ်ကြသည်။



နာမည်ရှေ့မှ အက္ခရာတိုးချင်သူများ

ပဋ္ဌိပက္ခ နှစ်ဖက်မှ ဦးပဉ္ဇင်း ကိုရင်ကျောင်းသားများမှာ ဘုန်းတော်ကြီးနှစ်ပါး ရန်ဖြစ်ပုံကို ကြည့်မြင်ကြားနာရင်း နားလည်သလို နားမလည်သလိုလိုနှင့် ပြုံးကြရလေ၏။

အရှေ့ကျောင်းဘုန်းကြီးက ပြောသည်။

"ကိုယ်တော်ကြီး ဂရုံကြီးတကိုင်ကိုင်နဲ့ သူများ ကျောင်းမြေကို မတရားအုပ်စီးချင်နေတယ်။ တစ်သာသနာလုံး ရှိတဲ့အထဲက သံဃိကဝတ္ထုကမြေတွေ ကိုယ်တော်နဲ့လဲဆိုင်တာပဲ။ လိုက်အုပ်စီးပါလား။ ဒါလောက်တောင်ဖြစ်လှတာ ကိုယ်တော့ဘွဲ့ရှေ့မှာ (သဝေထိုး) ထည့်လိုက်တော့"

အနောက်ကျောင်းဘုန်းကြီးကလည်း အားကျမခံ ပြန်ပြောပြန်သည်။

"ဩော်ဩော်--- ကိုယ်တော်က လာလာချည်သေး။ ဝတ္ထုကဂရုံအရ သက်ဆိုင်တဲ့အလျောက် တပည့်တော်ကို အခွင့်တောင်းဖို့ကောင်းတာပေါ့ ကိုယ်တော်။ တပည့်ပရိသတ်များတယ်ဆိုပြီး ဒေါသတွေ၊ မာနတွေ သိတ်တက်မနေနဲ့။ အကုသိုလ်များပါတယ်။ ဒါလောက်ရှိလှတာ ကိုယ်တော့ဘွဲ့ရှေ့မှာ (အ) တစ်လုံးသာ တိုးလိုက်တော့"

တပည့် ဦးပဥ္စင်းကိုရင်ကျောင်းသားများ မပြုံးဘဲရှိကြပါမည်လား။ အနောက်ကျောင်း ဘုန်းကြီး၏ ဘွဲ့အမည်မှာ (ဦးလာဘ) ဖြစ်ရာ ဘွဲ့ရှေ့မှ သဝေထိုးထည့်ပါက (ဦးလောဘ) ဖြစ်သွား မည်ဖြစ်ပြီး မြန်မာလို အဓိပ္ပါယ် (ဦးတပ်မက်) ဖြစ်သွားပေတော့မည်။ အရှေ့ကျောင်း ဘုန်းကြီး၏ ဘွဲ့အမည်မှာ (ဦးကုသလ) ဖြစ်ခဲ့ရာ ဘွဲ့ရှေ့မှ အ -ထည့်ပါက (ဦးအကုသလ) ဖြစ်သွားမည်ဖြစ်ပြီး မြန်မာလို အဓိပ္ပါယ် (ဦးမကောင်းမှု) ဖြစ်သွားပေတော့မည်တည်း။

---------





- ဗုဒ္ဓဓမ္မ ယဉ်ကျေးမှုရင်ခွင်မှာ နွေးထွေးမိစေဖို့
- ရိုးစင်းသန့်စင်သော ရိုးရာဒဿနအတွေးအမြင်ကို စေ့ငု ခြေရာခံမိစေဖို့
- ပြုံးထေ့ရသမှ မြန်မာမှုဆင့်ပွားသုတများ ရင်မှာ စွဲပိုက်ပွားသစ်မိစေဖို့
- လူကြီးမိဘ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို လေးစား ရိုကျိုးစေ၍ အမျိုးဘာသာ သာသနာ ချစ်ခင်စိတ် စွဲခိုင်စေဖို့

ဘုရားကျောင်းကန်ဝန်းကျင်မှ

**ရွှေကျောင်းပေါ်** ဟာသရသပုံဝတ္ထုများ



**တင်အောင်ထွန်း | သုတေသန |**